EVERY MONDAY

# မြစ်ကြီးနားသတင်း ဂျာနယ်

၂၀၁၄ မတ် ၂၉ တွင် စတင်ထုတ်ဝေသည်

အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ဝေသည်

အတွဲ (၅)၊ အမှတ် (၃၅) "ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ" (အောက်တိုဘာ ၁ ၊ ၂၀၁၈)

## ကချင်မျိုးနွယ်များကြား အငြင်းပွားနေသည့် ဂျိန်းဖောနှင့် ကချင်အရေးကို အမှန်ရောက်အောင် ကချင်မျိုးနွယ်ခေါင်းဆောင်များ ကြိုးပမ်းနေ

ကချင်တိုင်းရင်းသားမျိုးနွယ်များကို နိုင်ငံတော်က သတ်မှတ်ရာတွင်ကွဲလွဲမှုများရှိနေခဲ့ခြင်းအပေါ် မြန်မာနိုင်ငံ ကချင်လူမျိုးရိုးရာယဉ်ကျေးမှု အသင်း ဗဟိုကော်မတီဝင်များက ၂၀၁၈ ခုနှစ် ဩဂုတ်လ ၂၈ ရက်စွဲ ဖြင့် နိုင်ငံတော်သမ္မတထံ စာပေးပို့ကာ နေပြည်တော်ရှိ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် နိုင်ငံတော်အကြီးအကဲများထံ သွားရောက်တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ကချင်လူမျိုးများ၏ မျိုးနွယ်ကို ၁၉၅၅ ခုနှစ် အောက်တိုဘာလ ၇ ရက်က ထုတ်ပြန်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အထူးအမိန့်ပြန်တမ်းတွင် ကချင် ၆ မျိုးဟူ၍လည်းကောင်း၊ ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းတွင် ကချင် ၁၂ မျိုးဟူ၍လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ၂၀၀၃ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့ ခန့်မှန်း လူဦးရေစာအုပ်တွင် ကချင်နှင့်ဂျိန်းဖောကို ပေါင်းကာ ဖော်ပြထားသည့်ကွဲလွဲမှုများကို သွားရောက်တင်ပြခဲ့ကြခြင်းဖြစ်သည်။ စာ - ၂ သို့ »



ဓာတ်ပုံ - Salai

## မြစ်ကြီးနားလေဆိပ်သို့ ပျံသန်းနေကျ လေကြောင်းလိုင်းသုံးခု ယာယီရပ်ဆိုင်း

စာ - ၅ သို့ »

## တစ်သျှူးငှက်ပျောခြံထဲမှ ရေလှောင်ကန် ကျိုးပေါက်မှုကြောင့် စပါးခင်းနှင့်နှစ်ရှည်ပင်တချို့ ပျက်စီးဆုံးရှုံး



မစ်ကြီးနား၊ စက်တင်ဘာ ၂၆

ဝိုင်းမော်မြို့နယ်တွင် တစ်သျှူး ငှက်ပျော စိုက်ခင်းများကို ရေပေးရန် ပြုလုပ်ထားသည့် ရေလှောင်ကန် ၂ ခု စက်တင်ဘာလ ၂၄ ရက် ညနေ ၆ နာရီခန့်တွင် ကျိုးပေါက်သွားခဲ့ရာ ကယောယန်ကျေးရွာမှ ဒေသခံအချို့၏ စပါးခင်းနှင့် နှစ်ရှည်ပင်များ ပျက်စီးဆုံးရှုံးခဲ့ရသည်ဟု ရွာသားများက ပြောသည်။

အဆိုပါငှက်ပျောခြံသည် ကချင်အထူးဒေသ(၁)ချန်းရင်ခူးဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်၏ စိုက်ခင်းအတွက် ချောင်းရေကိုပိတ်ဆို့ကာ မြေကြီးနှင့် ကျောက်တုံး၊ ကျောက်စရစ်ခဲများဖြင့် ကာထားသည့် လှောင်ကန်၁၂ခုအနက်မှ ၂ခု ကျိုးပေါက်ခြင်း ဖြစ်သည်။

စာ - ၁၅ သို့ »

## ဦးဝင်းမြင့်သမ္မတဖြစ်သွား၍ လစ်လပ်နေသည့် တာမွေမြို့နယ်မဲဆန္ဒနယ်တွင် ကချင်ပြည်နယ်မှ ဦးစီစီနော်ဂျာ သွားရောက်ယှဉ်ပြိုင်မည်

စာ - ၁၁ သို့ »

## ဖားကန့် စည်ပင်တွင် အခြေခံဝန်ထမ်းနည်းပါးနေသဖြင့် မြို့နယ်သာယာလှပမှု နှောင့်နှေး

စာ - ၁၅ သို့ »

## တရုတ်နိုင်ငံတွင် ဖမ်းဆီးခံရသည့် မြန်မာနိုင်ငံသားများကို တရုတ်အာဏာပိုင်များက နယ်စပ်ဂိတ်တွင် လာရောက် လွှဲပြောင်းပေးအပ်

စာ - ၄ သို့ »

## အာဏာခွဲဝေခြင်းနှင့် အစိုးရများ၏ အခြေခံသဘောတရားများ (Division of Power)

M Kawn La ရေးသားသည်။

စာ - ၆ သို့ »

# ကချင်မျိုးနွယ်များကြား အငြင်းပွားနေသည့် ဂျိန်းဖောနှင့် ကချင်အရေးကို အမှန်ရောက်အောင် ကချင်မျိုးနွယ်ခေါင်းဆောင်များ ကြိုးပမ်းနေ

Salai ရေးသားသည်။






နေပြည်တော်သို့ သွားရောက်ခဲ့ကြသည့် မြန်မာနိုင်ငံ ကချင်လူမျိုးရိုးရာယဉ်ကျေးမှုအသင်း၊ ဗဟိုကော်မတီဝင်များ

ဓာတ်ပုံ - Salai

ကချင်တိုင်းရင်းသားမျိုးနွယ်များကို နိုင်ငံတော်က သတ်မှတ်ရာတွင်ကွဲလွဲမှုများရှိနေခဲ့ခြင်းအပေါ် မြန်မာနိုင်ငံ ကချင်လူမျိုးရိုးရာယဉ်ကျေးမှုအသင်း ဗဟိုကော်မတီဝင်များက ၂၀၁၈ ခုနှစ် ဩဂုတ်လ ၂၈ ရက်စွဲ ဖြင့် နိုင်ငံတော်သမ္မတထံ စာပေးပို့ကာ နေပြည်တော်ရှိ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် နိုင်ငံတော်အကြီးအကဲများထံ သွားရောက်တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ကချင်လူမျိုးများ၏ မျိုးနွယ်ကို ၁၉၅၅ ခုနှစ် အောက်တိုဘာလ ၇ ရက်က ထုတ်ပြန်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အထူးအမိန့်ပြန်တမ်းတွင် ကချင် ၆ မျိုးဟူ၍လည်းကောင်း၊ ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းတွင် ကချင် ၁၂ မျိုးဟူ၍လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ၂၀၀၃ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့ ခန့်မှန်း လူဦးရေစာအုပ်တွင် ကချင်နှင့်ဂျိန်းဖောကို ပေါင်းကာ ဖော်ပြထားသည့်ကွဲလွဲမှုများကို သွားရောက်တင်ပြခဲ့ကြခြင်းဖြစ်သည်။

ကချင်ဆိုသည်မှာ ဂျိန်းဖောကို ဆိုလိုခြင်းဖြစ်သည်ဟူသော သတ်မှတ်ချက်ကို ပယ်ဖျက်ပေးရန် တောင်းဆိုခဲ့ကြောင်း၊ ကချင်မျိုးထဲတွင်ပါဝင်သည့် မျိုးနွယ်များပြန်လည်အတည်ပြုရေးအတွက် ကချင်အုပ်စုတွင် ပါဝင်သူများအားလုံးပြန်လည်ဆွေးနွေး သုံးသပ်အတည်ပြုပြီး သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ပြန်လည်ပေးပို့သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကချင်လူမျိုးရိုးရာယဉ်ကျေးမှုအသင်း ဗဟိုကော်မတီ အလုပ်အမှုဆောင်အဖွဲ့မှ သိရသည်။

"ကချင်ဆိုတဲ့အထဲမှာ ဂျိန်းဖောတစ်ခုထဲသာ ကချင်ပြည်နယ်ရှိသူများဖြစ်ပြီး ကျန်တဲ့ မျိုးနွယ် ၅ ခုက ကချင်ပြည်နယ်ရရှိသူများ မဟုတ်တော့တဲ့အခြေအနေမျိုး အဓိပ္ပါယ်သက်ရောက်သွားတဲ့အတွက်ကြောင့် မှားယွင်းဖော်ပြချက်ကို ကျွန်တော်တို့ မျိုးနွယ်အားလုံးက တစ်ဦးချင်းရဲ့ ဆန္ဒကို ဖော်ထုတ်ပြီး တင်ပြခဲ့ပါတယ်။ ဒါကို မျိုးနွယ်စုအားလုံးကလည်း တစ်သွေး တစ်သံတည်းနဲ့ ဒီကချင်ညီမျှခြင်း 'ဂျိန်းဖော' ဆိုတာကို ပယ်ဖျက်ပေးဖို့အတွက် လိုအပ်နေပြီ မဖြစ်မနေဆောင်ရွက်ရမှာဖြစ်တယ်ဆိုတာကို နိုင်ငံတော်အကြီးအကဲများ သိရှိနားလည်လာဖို့ သွားရောက်တင်ပြနိုင်ခဲ့ကြတာဖြစ်ပါတယ်"ဟု နေပြည်တော်သို့ လိုက်ပါသွားသည့် ဇိုင်ဝါးစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးလနူးကပြောသည်။

ထို့အပြင် ကချင်မျိုးနွယ် ၆ ခုဖြစ်သော ဂျိန်းဖော၊ ရဝမ်၊ လီဆူ၊ လော်ဝေါ်၊ လာချိဒ်၊ ဇိုင်ဝါးမှ ကိုယ်စားလှယ်များ လိုက်ပါကာ ပြည်ထောင်စုဝန်ကြီးအဆင့်များ၊ နိုင်ငံတော်အဆင့်အဖွဲ့အစည်း၊ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံခွင့်ရခဲ့ပြီး မျိုးနွယ်တိုင်း၏ ခံစားချက်များကိုလည်း တင်ပြခွင့်ရခဲ့ကြောင်း ဦးလနူးက ပြောသည်။

ကချင်တိုင်းရင်းသားလူမျိုးများ ဖြစ်စဉ်နှင့်ပတ်သက်၍ ယခင် အစိုးရလက်ထက်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်သူ တရားလွှတ်တော်ရှေ့နေဒေါ်ဒွဲဘူက ၂၀၁၂ ခုနှစ်ကတည်းက စတင်ကြိုးပမ်းခဲ့ကြောင်း ပြည်သူ့လွှတ်တော်၏ ၁၀ ရာခိုင်နှုန်း ထောက်ခံမှုရရှိခဲ့ပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကိုယ်တိုင်လက်မှတ်ရေးထိုးကာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးသို့ တင်ပြခဲ့ပြီး ခုံရုံးအနေဖြင့် ဝင်ရောက်စွက်ဖက်ရန်အကြောင်းမရှိသဖြင့် တင်သွင်းလွှာကို ပလပ်ကြောင်း အမိန့်ချမှတ်ခဲ့သော်လည်း တန်ဖိုးရှိသော သက်သေအထောက်အထားများကို ရရှိခဲ့သဖြင့် ယခုကဲ့သို့ လက်ရှိအစိုးရလက်ထက်တွင် နေပြည်တော်သို့ သွားရောက်ပြီး ဆက်လက်တင်ပြနိုင်ခဲ့ခြင်း ဖြစ်ကြောင်းလည်း ဒေါ်ဒွဲဘူက ရှင်းပြပြောဆိုသည်။

နေပြည်တော်သွားရောက်ခဲ့သည့် ကော်မတီဝင်များက ၎င်းတို့ဆွေးနွေးဖြစ်ခဲ့သည့် အကြောင်းအရာများနှင့် ပတ်သက်ပြီး စက်တင်ဘာလ ၁၈ ရက်နေ့တွင် မြစ်ကြီးနား မနောင်ကွင်းတွင် သတင်းမီဒီယာများနှင့် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။

"ကချင်ဆိုတာ ဂျိန်းဖောတစ်ခုပဲဖြစ်တယ်။ ကျန်လူမျိုးတွေက ကချင်မဟုတ်ဘူးလို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်(UEC)က သတ်မှတ်ထားချက်ကို မှားယွင်းနေတယ်ဆိုတဲ့အကြောင်းကို ကချင်မျိုးနွယ်အားလုံးသွားပြီးမှ ပြောဆိုတင်ပြခြင်းဖြစ်ပါတယ်။ ကချင်ဆိုတာ ဂျိန်းဖောပဲဖြစ်တယ်ဆိုရင် ကျန်တဲ့မောင်နှမတွေက ဘယ်အထဲမှာရောက်သွားမလဲ၊ အဲ့ဒါတွေက အင်မတန်စိုးရိမ်စရာ ဖြစ်လာပါတယ်" ဟုလည်း ဒေါ်ဒွဲဘူက ပြောသည်။

ယခုကိစ္စများ စတင်လုပ်ဆောင်သည့်အချိန်က အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ လုပ်ပိုင်ခွင့်တွင် ထောက်ခံသူ ၁၀ ရာခိုင်နှုန်း လက်မှတ်ရရန်အတွက်ပင် အလွန်ခက်ခဲခဲ့ကြောင်း မိမိလူမျိုးကပင် လက်မှတ်ရေးထိုးပေးခဲ့ခြင်း မရှိခဲ့ကြောင်း ဒေါ်ဒွဲဘူက ပြောသည်။

"ဒီအခြေအနေဟာအခုအဆုံးဖြစ်ပြီလားဆိုရင် အခုမှအစပဲရှိပါသေးတယ်။ ကျွန်မတို့ ပထမခြေလှမ်း ဖြစ်ပါတယ်။ ဒီကိစ္စကို ၂၀၁၂ ကနေစခဲ့တာပါ။ ကျွန်မဒါကိုစပြီးမှားနေပြီလို့သိတာကတော့ ၂၀၁၀ ရွေးကောက်ပွဲ နယ်မြေတွေသတ်မှတ်ကတည်းက ဖြစ်ပါတယ်။ ရွေးကောက်ပွဲ နယ်မြေတွေ သတ်မှတ်လိုက်တဲ့အခါမှာ ကချင်ပြည်နယ်က လီဆူနဲ့ ရဝမ်ကို ရေးရာဝန်ကြီး ရွေးချယ်ရန် မဲဆန္ဒနယ်သတ်မှတ်ထားလိုက်တဲ့အခါ ဒါဟာဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဆန့်ကျင်နေပြီဆိုတာ နံပါတ်တစ်အချက်အနေနဲ့ သိရပါတယ်။ နံပါတ် ၂ အချက်ကတော့ ဖွဲ့စည်းပုံအရ ပြည်နယ်ရရှိပြီးသောလူမျိုး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ/တိုင်း မရတဲ့ အခြားလူမျိုးတွေကိုမှ ရေးရာဝန်ကြီးပေးတဲ့အတွက် ကျွန်မတို့ ကချင်ထဲမှာရှိနေတဲ့ မောင်နှမတွေဟာ တစ်ကွဲတပြားဖြစ်နေပြီဆိုတာသိတဲ့အတွက် ဒီလုပ်ငန်းကို ၂၀၁၂ မှာ စလုပ်ခြင်းဖြစ်ပါတယ်"ဟု တရားလွှတ်တော်ရှေ့နေ ဒေါ်ဒွဲဘူက ပြောသည်။

ထိုစဉ်က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ခုံရုံးကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ လက်မှတ်ဖြင့် တင်နိုင်ခဲ့ပြီး ကချင်လူမျိုးမဟုတ်သည့် အ

မျိုးဆက်သစ် (AirCon Express) NEW GENERATION EXPRESS
အဆင့်မြင့်ဇိမ်ခံယာဉ်ပို့ဆောင်ရေး
မြစ်ကြီးနား ⇄ မိုးကောင်း ⇄ ဟိုပင် ⇄ မိုးညှင်း ⇄ ရန်ကုန်

မြစ်ကြီးနားမှ နံနက် ၁၀:၀၀ ရန်ကုန်မှ နံနက် ၁၀:၀၀
မြစ်ကြီးနားမှ ညနေ ၇:၀၀ ရန်ကုန်မှ ညနေ ၄:၀၀
နေ့စဉ်ပုံမှန် ၂ ကြိမ် ပြေးဆွဲပေးနေပါသည်
လက်မှတ်အရောင်းဆိုင်နှင့် တန်ဆာပစ္စည်း လက်ခံဌာန
အမှတ် (၈၇)၊ မင်းရဲဝင်းကွက်၊ ဘုတာကြီးရှေ့ မြစ်ကြီးနား
Ph: 09-404895206, 09-404895207
မြစ်ကြီးနား 09-440064211, 09-440064288, 09-456469223
မိုးကောင်း 09-264145613, 09-42465070, 09-454097368
ဟိုပင် 09-766577944, 09-258029160, 09-796517743
မိုးညှင်း 09-400053210, 09-790215384
ရန်ကုန် 09-450549991, 09-450549992, 09-450549993, 09-459261688
ရန်ကုန် 01-510921, 09-421087976, 09799654210
ရန်ကုန် 09-453196492, 09-453196493
VIP 2+1







*နေပြည်တော်သို့ သွားရောက်ခဲ့ကြသည့် မြန်မာနိုင်ငံ ကချင်လူမျိုးရိုးရာယဉ်ကျေးမှုအသင်း၊ ဗဟိုကော်မတီဝင်များ*

*ဓာတ်ပုံ - Salai*

ခြားသော တိုင်းရင်းသားများစွာ၏ ကချင်အရေးနဲ့ပတ်သက်၍ လက်မှတ်ထိုးပေးမှုများ ရှိခဲ့ကြောင်းလည်း ၎င်းက ပြောသည်။

၂၀၀၃ ခုနှစ် ခန့်မှန်းလူဦးရေစာအုပ်တွင် ကချင်နှင့် ဂျိန်းဖောကိုပေါင်း၍ ဂျိန်းဖောဟု သတ်မှတ်ထားပြီ ဂျိန်းဖောလူမျိုးများသည် ပြည်နယ်ရရှိထားသည့် လူမျိုးများဖြစ်ကာ ကျန်လူမျိုးများမှာ ပြည်နယ်လည်းမရ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်လည်းမရရှိသည့် လူမျိုးများဖြစ်သည့်အတွက် ၂၀၀၈ ဖွဲ့စည်းပုံအရ ကချင်ပြည်နယ်တွင် မြန်မာနိုင်ငံလူဦးရေ၏ ၀ ဒသမ ၁ ရာခိုင်နှုန်း(၅၀၀၀၀) ကျော်ရှိလျှင် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ် ရပိုင်ခွင့်ရှိသည်။ ကချင်ပြည်နယ်တွင် ရောက်ရှိနေသည့် ဗမာနှင့်ရှမ်းတိုင်းရင်းသားတို့ အရေအတွက်မှာ ၅ သောင်းစီထက် ကျော်လွန်နေ၍ ပြည်နယ်လွှတ်တော်တွင် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ် ရွေးကောက်တင်မြှောက်ခဲ့သည်။ ကချင်လူမျိုးများထဲမှ ရဝမ်နှင့် လီဆူမျိုးနွယ်တို့သည် ကချင်ပြည်နယ်ရရှိထားသည့် လူမျိုးများဖြစ်ပါလျက် လက်ရှိတွင် ရေးရာဝန်ကြီးများ ရရှိနေကြသည်ဟုလည်းဒေါ်ဒွဲဘူကရှင်းပြပြောဆိုသည်။

“ဂျိန်းဖော လူမျိုးတွေဟာ ပြည်နယ်ရရှိထားတဲ့လူမျိုး ဖြစ်တယ်။ ကျန်လူမျိုးတွေကတော့ ပြည်နယ်လည်းမရ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်လည်း မရတဲ့လူမျိုးတွေဖြစ်တဲ့အတွက် ၀.၁ ရာခိုင်နှုန်း လက်ရှိအချိန်မှာ ၅ သောင်းကျော်ရင် ရေးရာဝန်ကြီးပေးမယ်ဆိုပြီးမှ လက်ရှိ ၅ သောင်းကျော်တဲ့ ကျွန်မတို့ ညီအစ်ကိုတွေဖြစ်တဲ့ လီဆူနဲ့ ရဝမ်ကို ရေးရာဝန်ကြီးပေးပါတယ်ဆိုပြီးမှ UEC က ပြောပါတယ်။ မူလဥပမာပြောရရင် ကျွန်မတို့ဟာ အိမ်ကြီးတစ်အိမ်မှာ အတူနေထိုင်လာတဲ့ မောင်နှမထဲမှာ ဂျိန်းဖောပဲ ဒီအိမ်မှာကျန်ခဲ့ပြီး ကျန်တဲ့လူကဒီအိမ်နဲ့ မဆိုင်ဘူးလို့ပြောတဲ့သဘောဆိုတာ တိတိကျကျ ကျွန်မတို့ရရှိခဲ့ပါတယ်” ဟု ဒေါ်ဒွဲဘူက ပြောသည်။

၂၀၀၃ ခုနှစ်ရှိ ခန့်မှန်းစာအုပ်တွင် ကချင်နှင့်ဂျိန်းဖောကိုပေါင်း၍ ဂျိန်းဖောဟု သတ်မှတ်ခဲ့ခြင်းအပေါ် အဘယ်ကြောင့် သတ်မှတ်ခဲ့ကြောင်း၊ ထိုသို့သတ်မှတ်ရာတွင် ကချင်တိုင်းရင်းသား မျိုးနွယ်အားလုံး၏ သဘောတူညီမှုရယူခဲ့ပါသလားဟူ၍ မေးခွန်း ၂ အနေဖြင့်လည်းကောင်း၊ မေးခွန်း ၄ အနေဖြင့် ၁၉၅၅ ခုနှစ် အောက်တိုဘာ ၁၇ ရက်ကထုတ်ပြန်သောပြည်ထောင်စုမြန်မာနိုင်ငံတော် အထူးအမိန့်ပြန်တမ်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၁-၁၀-၂၀၀၃ ရက်နေ့ ရက်စွဲပါ လမ်းညွှန်ချက်သည် မည်သည်က ပိုမို၍အာဏာသက်ရောက်မှုရှိသနည်းဆိုသည့် မေးခွန်းတို့ကို အင်ဂျန်းယန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် (ငြိမ်း)ဒေါ်ဒွဲဘူက ၂၀၁၄ ခုနှစ် စက်တင်ဘာလက လွှတ်တော်တွင် မေးမြန်းခဲ့သည်။

အဆိုပါ ကိစ္စရပ်များနှင့် ပတ်သက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဦးဝင်းမြင့်က “၂၀၀၃ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှာရှိသော ခန့်မှန်းလူဦးရေစာအုပ်တွင် ကချင်နှင့်ဂျိန်းဖောကိုပေါင်းပြီးတော့မှ ဂျိန်းဖောဟုဖော်ပြခဲ့ခြင်းမှာ ကချင်ပြည်နယ်ဆိုင်ရာ အထောက်အထားများမှာ ဂျိန်းဖော(ခ)ကချင်လူမျိုးများဟု ဖော်ပြထားပြီးတော့မှ ကချင်တို့၏မူလအမည်မှာ ဂျိန်းဖောဖြစ်သည်ဟု ဆိုထားကြောင်း တွေ့ရှိရပါတယ်။ ကိုးကားစာရင်းများဖြစ်တဲ့ ကချင်ပြည်နယ်မှတ်တမ်း မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီဌာနချုပ် ၁၉၈၅၊ ကချင်ပြည်နယ်သမိုင်း(ပထမတွဲ) သမိုင်းသုတေသနဦးစီးဌာန၊ မော်ကွန်း HRC :X/13AP/1922? တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးစံများ (ကချင်)၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၊ ရန်ကုန်စာပေဗိမာန် ပုံနှိပ်တိုက် ၁၉၆၇ တို့မှာ ဂျိန်းဖောကို ကချင်ဟု ဖော်ပြထားသဖြင့် ၂၀၀၃ ခုနှစ်၊ ခန့်မှန်းလူဦးရေစာအုပ်တွင်ကချင်နှင့် ဂျိန်းဖောကိုပေါင်း၍ ဂျိန်းဖောဟု ဖော်ပြခဲ့ခြင်းဖြစ်သည်ဟု သုံးသပ်ရရှိပါကြောင်း”နှင့် မေးခွန်း ၄ အပေါ်တွင်မူ “အာဏာသက်ရောက်မှုရှိသည်ဆိုသောအချက်မှာတော့ နှိုင်းယှဉ်ရန်ပင် မသင့်တော်ကြောင်းကိစ္စဖြစ်ပါတယ်” ဟူ၍ ပြန်လည် ဖြေကြားခဲ့သည်။

ယခုကဲ့သို့ ကချင်အုပ်စုတွင် ဂျိန်းဖောလူမျိုးတစ်ခုတည်းသာ ထည့်သွင်းထားခြင်းကြောင့် မိမိတို့ မျိုးနွယ်များအကြား သံသယများ၊ ပြဿနာများ များစွာဖြစ်ပွားခဲ့ပြီး ၂၀၁၄ သန်းခေါင်စာရင်းပြုလုပ်သည့် အချိန်တွင်လည်း ပြဿနာများစွာ ဖြစ်ပွားခဲ့သည်ဟု ဒေါ်ဒွဲဘူက ပြောသည်။

လက်ရှိ အခြေခံထားသော မျိုးနွယ် ၆ မျိုးမှ ခေါင်းဆောင်များက ဦးဆောင်ကာ ကချင်လူမျိုးသည် မျိုးနွယ်မည်မျှရှိကြောင်း၊ မည်သို့ခေါ်ဆိုမည်ဖြစ်ကြောင်းတို့ကို မျိုးနွယ်အသီးသီးကအားလုံး ပြန်လည်ဆွေးနွေးသုံးသပ်ကာ ကချင်မျိုးနွယ်စုအမှန်ကို တင်ပြသွားမည်ဟုလည်း ဒေါ်ဒွဲဘူက ထပ်မံပြောဆိုသည်။

“မှားတာကို မှားပြီလို့ သွားရောက်တင်ပြခွင့် ရခဲ့ပါတယ်။ မှားတာကိုမှားတယ်လို့ မတင်ပြရင် မတင်ပြတဲ့သူရဲ့တာဝန် ဖြစ်ပါတယ်။ တင်ပြပြီးတော့ အမှန်ကိုမလုပ်ရင်တော့ မလုပ်တဲ့သူရဲ့တာဝန် ဖြစ်ပါတယ်။ ဒါကြောင့် ရှေ့ဆက်ပြီး ဆောင်ရွက်သွားမယ်။ တချို့ကလည်း ပြောတယ် ကိုယ့်အဖွဲ့ထဲမှာပဲ လုပ်ပါ မှန်ပါတယ်။ ရှေ့ဆက်ရမယ့်ဟာ အများကြီးရှိပါတယ်။ ကချင်ဆိုတာ ဂျိန်းဖောတစ်ခုတည်း မဟုတ်ဘူးဆိုတာ တင်ပြခဲ့ပြီးတဲ့ နောက်မှာ ကချင်ဆိုတာဘယ်သူတွေလဲ၊ ကချင်ဘယ်နှဖွဲ့လဲဆိုတာ ဆက်လက်ဆွေးနွေးအတည်ပြုသွားကြရမှာ ဖြစ်ပါတယ်။ အခုကတော့ အခြေခံအနေနဲ့ ၆ မျိုးရှိပါတယ်”ဟုဒေါ်ဒွဲဘူက ပြောသည်။

နိုင်ငံတော် သမ္မတက ၁၉၅၅ ခုနှစ်တွင် ၆ မျိုး ဆိုပြီး ထုတ်ပြန်ခဲ့ကြောင်း၊ ၁၉၈၃ သန်းခေါင်စာရင်းတွင် ကချင်၊ ထရမ်း၊ ဒလောင်၊ ဂျိမ်းဖော့၊ ဂေါ်ရီ၊ ခခူး၊ ဒူလန်း၊ မရူ(လော်ဝေါ်)၊ ရဝမ်၊ လရှီ၊ အဇီး၊ လီဆူ ဟူ၍ ၁၂ မျိုး ဖြစ်နေပြန်ကြောင်း၊ ၂၀၀၃ ခုနှစ်က ပြန်လည်စစ်တမ်းကောက်ရာတွင် ကချင်အမျိုးပေါင်း ၉ မျိုး ဖြစ်နေသည့်အတွက် ပြန်လည်သုံးသပ်ရန်လိုနေကြောင်း ဒေါ်ဒွဲဘူက ရှင်းပြသည်။

“မိမိတို့ကိုယ်တိုင်ပြန်လည်သုံးသပ်ဆုံးဖြတ်ရမှာ ဖြစ်တယ်။ ကိုယ့်ရဲ့လူမျိုးစုအလိုက်မှာ ဆွေးနွေးဆုံးဖြတ်ပြီးမှ ငါတို့လူမျိုးစုကတော့ ဒီလိုဖြစ်စေချင်တယ်ဆိုတဲ့ ကဏ္ဍတွေကို ရှေ့ဆက်လုပ်ရမှာ ဖြစ်ပါတယ်။ ကချင်ဆိုတာ ဒီလိုလူမျိုးတွေဖြစ်ပါတယ် ဆိုတာကို အားလုံး ဆုံးဖြတ်အတည်ပြုပြီးမှ ပြည်ထောင်စုမှာရှိတဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေ တာဝန်ရှိသူတွေကို ပေးပို့ရမှာ ဖြစ်တယ်”ဟုဒေါ်ဒွဲဘူကပြောသည်။

သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ မျိုးနွယ်တစ်ဖွဲ့စီတိုင်းမှ တစ်ဦးချင်းစီက မိမိတို့၏ဆန္ဒကို ထုတ်ဖော်ခဲ့သလို ဆက်လက်ပြီး ကချင်တိုင်းရင်းသား မျိုးနွယ်များအတွက် ပယ်ဖျက်သင့်သည်ကို ပယ်ဖျက်နိုင်အောင် ကြိုးစားလုပ်ဆောင်သွားမည်ဟုလည်း ဇိုင်ဝါးစာပေနဲ့ယဉ်ကျေးမှု အဖွဲ့ချုပ်၏ ဒုတိယဥက္ကဋ္ဌ ဦးလနူးက ပြောသည်။

“ဒီအဖြေ မထွက်မချင်းလည်း ကချင်မျိုးနွယ်အားလုံး စုပေါင်းပြီး ပြန်လည်စုစည်းတဲ့ အင်အားနဲ့ မဖြစ်မနေဆက်လက်ကြိုးစားပြီး ဆောင်ရွက်သွားမယ်။ ဒီကနေ အားလုံးရှေ့မှာ ဇိုင်ဝါးစာပေနဲ့ယဉ်ကျေးမှု အဖွဲ့ရဲ့ကိုယ်စား တင်ပြလိုပါတယ်”ဟု သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

ယခုကဲ့သို့သော ကိစ္စသည် လူမျိုးနှင့်ဆိုင်သည့်၊ မျိုးနွယ်နှင့်ဆိုင်သည့်ကိစ္စ ဖြစ်သည့်အတွက် ယခုကိစ္စရပ်များကို ကျယ်ကျယ်ပြန့်ပြန့် အလေးထား ဆွေးနွေးရန်လိုအပ်ကြောင်းလည်း မြန်မာနိုင်ငံ လီဆူစာပေနှင့်ရိုးရာယဉ်ကျေးမှုဗဟိုကော်မတီဥက္ကဋ္ဌ ဦးအားဖူရီလီမီက အကြံပြုပြောကြားခဲ့သည်။

“လီဆူရေးရာဝန်ကြီး ပေးတဲ့အချိန်မှာ အစ်မကြီးဒေါ်ဒွဲဘူက မပေးရပါဘူးလို့ ပြောတဲ့အချိန်မှာ ဥပဒေအကြောင်းကို ကျွန်တော်တို့ နားမလည်ခဲ့တဲ့အတွက် အစ်မကြီးကို အရမ်းမုန်းခဲ့သေးတယ်။ ဒါကို ရိုးသားစွာ ပြောချင်ပါတယ်။ ဘာလို့လဲဆိုရင် ကျွန်တော်တို့ ဥပဒေအကြောင်းကို နားမလည်ခဲ့ဘူး။ အခုလိုရှင်းပြတော့ တချို့သောဟာတွေက ရှင်းရှင်းလင်းလင်းဖြစ်လာပါပြီ. . . လို့မြင်ရပါတယ်။ သို့ပေမယ့်လည်း ကျွန်တော်တစ်ယောက်တည်းရှင်းရုံနဲ့ မပြီးသေးပါဘူး။ ကျွန်တော်တို့ နောက်မှာရှိနေတဲ့ လီဆူလူမျိုးသိန်းကျော်ရှိတဲ့သူတွေလည်း ရှင်းဖို့လိုတယ်။ ထိုနည်းတူစွာပဲ ကချင်မျိုးနွယ် ၆ မျိုးလုံး အားလုံးရှင်းရှင်းလင်းလင်းသိဖို့လိုပါတယ်။ ဒါကို ပြောချင်ပါတယ်”ဟု ဦးအားဖူရီလီမီက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

မျိုးနွယ်အချင်းချင်းကြားတွင် ပြန်လည် စုဝေးဆုံးဖြတ်ကာ ဆွေးနွေးခြင်း ပြုလုပ်ရန် လိုအပ်ကြောင်းနှင့် ဂျိန်းဖောမျိုးနွယ်များကလည်း ဂျိန်းဖောအမည်ကို ဘုံထားမည်ဆိုပါက မိမိတို့နာမည်ကို စဉ်းစားသင့်ကြောင်း၊ လူမျိုးနွယ်တစ်ခုအနေဖြင့် ဂျိန်းဖောကို သတ်မှတ်မည်ဆိုပါက ဘုံအမည်ကိုမည်ကဲ့သို့ထားမည်ဆိုသည်ကို ပြန်လည်စေ့စပ်ညှိနှိုင်းရမည်ဖြစ်ကြောင်း ဒေါ်ဒွဲဘူက ထပ်မံပြောဆိုသည်။

“ကျွန်မတို့ မိသားစုထဲမှာ စိုးရိမ်ချက်တွေ ရှိနေတယ်။ ဂျိန်းဖောတွေကလည်း ပြောတယ်။ မျိုးနွယ်စု အားလုံးကို ဂျိန်းဖောလို ပြန်ယူထားတယ် ပြောတယ်။ သို့သော် ဂျိန်းဖောက ဘုံအမည်ရော မျိုးနွယ်အမည်ပါ ယူထားမယ်ဆိုရင် ထမင်းထုပ် ၂ ထုပ်စားသလို ဖြစ်နေမှာဖြစ်တဲ့အတွက် ဂျိန်းဖောတွေကလည်း ပြန်လည်ဆွေးနွေးညှိနှိုင်းဖို့ လိုပါတယ်” ဟု ထပ်မံပြောဆိုခဲ့သည်။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း ကောက်ယူရာတွင်လည်း ၁၉၈၃ ခုနှစ် လူမျိုးစုစာရင်းကို အခြေခံ၍ ဆောင်ရွက်ထားသည့်အတွက် တိုင်းရင်းသားလူမျိုးစု၊ မျိုးနွယ်စုများနှင့် ပတ်သက်၍ ထွက်ရှိလာသည့် စာရင်းများအရ လူမျိုးစုအမည်၊ သတ်ပုံသတ်ညွှန်းမှားနေခြင်း၊ လူမျိုးစုအမည်သစ် ထပ်မံတိုးထားခြင်းနှင့် အချို့ ပျောက်ကွယ်သွားခြင်းများအပေါ် မူတည်၍ တိုင်းရင်းသားလူမျိုးစုများထံမှ အကြံပြုချက်၊ ပူးပေါင်းဆောင်ရွက်ချက်များ ရယူပြီးပြန်လည်ပြင်ဆင်နိုင်ရေးအတွက် အဆင့်ဆင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုကိစ္စနှင့်ပတ်သက်၍ ၂၀၁၄ ခုနှစ်က လွှတ်တော်တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခဲ့စဉ်က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးက ပြန်လည်ဖြေကြားထားသည်။

ရေးရာဝန်ကြီးနေရာကို ယူထားသည့် လူမျိုးများသည် ဧည့်လူမျိုးစာရင်းဝင်ဖြစ်၍ အခြားတိုင်း(သို့) ပြည်နယ်တွင် ဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်ခွင့်မရှိကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြထားသည်။

လက်ရှိ ကချင်မျိုးနွယ်တွင် ဂျိန်းဖော၊ ရဝမ်၊ လီဆူ၊ ဇိုင်ဝါး၊ လော်ဝေါ်၊ လာချိဒ် ဟူသော ၆ မျိုးကို ဒေသခံတိုင်းရင်းသားများက လက်ခံထားကြသော်လည်း ဧည့်တိုင်းရင်းသားများဖြစ်သည့် ဗမာ၊ ရှမ်းတို့အပြင် လီဆူနှင့် ရဝမ်တိုင်းရင်းသားများကို ရေးရာဝန်ကြီးအဖြစ် ရွေးကောက်တင်မြှောက်ထားသည်။

Salai

**မြစ်ကြီးနားသတင်းဂျာနယ်**

**အမှုဆောင်အရာရှိချုပ်**
ဘရန်မိုင်၊ ဇော်ခွန်း

**တာဝန်ခံ အယ်ဒီတာ**
ဆိုင်းမိုင်

**အယ်ဒီတာ**
ဇော်နိုင်ဦး

**စာပြင်**
မြတ်သွေးထက်

**သတင်းထောက်**
Salai၊ စည်သူ၊ မွန်းမွန်းပန်၊ အက်စတာ၊ ဆိုင်းလတ်အောင်၊ ခေါင်ဒေါင်နုတ်

**အငယ်တန်းသတင်းထောက်**
Ah Je (လပတ်)၊ မျိုးမြတ်မြတ်ပန်၊ ဂျာစင်မိုင်(Ann)၊ ထုဆန် (Benadeth)

**နယ်သတင်းထောက်**
သန်းထွန်းအောင်၊

**ကွန်ပျူတာစာစီ**
ဝေဝေအောင်

**ဂရပ်ဖစ်ဒီဇိုင်း၊ သတင်းစာဒီဇိုင်း**
La Tawng

**မြစ်ကြီးနားရုံးတာဝန်ခံ**
နိုနိုထက်နိုင်

**မိုးညှင်းရုံးတာဝန်ခံ**
နန်ဂျာ

**စာရင်းကိုင်**
နန်အောင်

**စီးပွားရေးတာဝန်ခံ**
အိဇင်ဖြိုး၊ ဂျာစင်

**ဖြန့်ချိရေးတာဝန်ခံ**
ဇော်ထုန်

**တန်ဖိုး**
၅၀၀ ကျပ်

**ဖလင်**
KING

**ထုတ်ဝေသူ**
ဒေါ်ရွှေယဉ်
မှတ်ပုံတင်အမှတ်- ၀၀၀၀၉(မြ)

**ပုံနှိပ်တိုက်**
ရွှေကျား (၀၀၅၇၁)

**ဆက်သွယ်ရန်**
အမှတ်(၁၆၄)၊ အင်ဂျန်ဒုံတောင်၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း - ၀၉ - ၂၅၉၀၇၇၄၁၅
၀၉ - ၂၅၆၃၆၀၂၇၄
၀၉ - ၄၂၀၀၈၅၉၂၈
www.myitkyinanewsjournal.com
myitkyinanewsjournal@gmail.com
facebook.com/myitkyinanewsjournal.mm

ဤပုံနှိပ်မှတ်တမ်းတွင် ဖော်ပြထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ်၏ တာဝန်ရှိသူများဖြစ်သည်။ မြစ်ကြီးနားသတင်းဂျာနယ်တွင် ဖော်ပြပါရှိသော သတင်းများအတွက် ငွေကြေးသော်လည်းကောင်း၊ တံစိုးလက်ဆောင်သော်လည်းကောင်း၊ လက်ခံရယူခြင်းကို ဤမှတ်တမ်းပါ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ခွင့်မပြုပါ။ မြစ်ကြီးနားသတင်းဂျာနယ် ရင်ထိုးတပ်ဆင်ထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ် သတင်းထောက်ဖြစ်ပါသည်။

# တစ်သျှူးငှက်ပျောခြံထဲမှ ရေလှောင်ကန် ကျိုးပေါက်မှုကြောင့် စပါးခင်းနှင့် နှစ်ရှည်ပင်တချို့ ပျက်စီးဆုံးရှုံး


ဓာတ်ပုံ - Ah Je


ဓာတ်ပုံ - Ah Je

မြစ်ကြီးနား၊ စက်တင်ဘာ ၂၆

ဝိုင်းမော်မြို့နယ်တွင် တစ်သျှူး ငှက်ပျော စိုက်ခင်းများကို ရေပေးရန် ပြုလုပ်ထားသည့် ရေလှောင်ကန် ၂ ခု စက်တင်ဘာလ ၂၄ ရက် ညနေ ၆ နာရီခန့်တွင် ကျိုးပေါက်သွားခဲ့ရာ ကယောယန်ကျေးရွာမှ ဒေသခံအချို့၏ စပါးခင်းနှင့် နှစ်ရှည်ပင်များ ပျက်စီးဆုံးရှုံးခဲ့ရသည်ဟု ရွာသားများက ပြောသည်။

အဆိုပါငှက်ပျောခြံသည် ကချင်အထူးဒေသ(၁) ချန်းရင် ခူးဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်၏ စိုက်ခင်းအတွက် ချောင်းရေကိုပိတ်ဆို့ကာ မြေကြီးနှင့် ကျောက်တုံး၊ ကျောက်စရစ်ခဲများဖြင့် ကာထားသည့် လှောင်ကန် ၁၂ ခုအနက်မှ ၂ ခု ကျိုးပေါက်ခြင်း ဖြစ်သည်။

"မိုးရာသီလည်းဖြစ်တယ်။ သူတို့ လုပ်ထားတဲ့ ရေလှောင်ကန်တွေက ဘာမှခိုင်ခံ့မှုမရှိဘူး။ ကုမ္ပဏီက ကမ်းပါးတွေကိုတူးပြီး အဲဒီကမြေစာတွေကိုပဲဖို့ထားတဲ့၊ အဖြစ်သဘောနဲ့ သူတို့ရေရရှိအောင်ပဲ လုပ်ထားကြတယ်။ ဒါကြောင့် မိုးရွာတော့ မြေပျော့ပြီး ပြိုသွားလို့ ရေကြီးရတာပါ" ဟု မန်ဝင်းကျေးရွာက ဦးဘွမ်ခရမ်းတူးက ပြောသည်။

ရေပေါက်ထွက်လာသည့် ညကလယ်တစ်ဧကခန့်(သုံးလသားအရွယ်ခန့် စပါးပင်များရှိ) သည် လုံးဝပျက်စီးသွားပြီး လယ်လေးဧကခန့်မှာ မြေကြီးနှင့် သဲများ ၄ လက်မထုခန့် ဖုံးအုပ်သွားကြောင်း၊ အချို့ဒေသခံများ၏ ခြံရှိ လိမ္မော်ပင်၊ စကားဝါ စသည့်အမယ်မျိုးစုံ စိုက်ထားသောအခင်းများ ပျက်စီးသွားကြောင်း သိရသည်။

"အိမ်တွေများတော့ ရေဝင်လို့ပစ္စည်းတွေနည်းနည်းပါးပါး ပျက်စီးသွားတယ်။ (ရွာထဲမှာ) တစ်ညလုံးကြီးပြီးတော့ မနက်ကျ ပြန်ခမ်းသွားပါတယ်။ ရေခမ်းပြီးတဲ့ နောက်မှာတော့ ရွှံ့ဗွက်တွေ ထူထူကြီးကျန်ခဲ့တယ်"ဟု ဦးဘွမ်ခရမ်းတူးက ပြောသည်။

ရုတ်တရက် ကျိုးပေါက်လာသည့် ရေလုံးများ၏ရိုက်ခတ်မှုကြောင့် သုံးလသားအရွယ် စပါးပင်များနှင့် စပါးနှံထွက်ခါစ စပါးခင်းအချို့ အမြစ်မှကျွတ်ထွက်သွားခဲ့ပြီး တချို့စပါးခင်းများမှာ ရွှံ့နွံ့များ ဖုံးလွှမ်းသွားသည့်အတွက် နောက်နှစ် စပါးစိုက်ပျိုးရန်အတွက် မလွယ်ကူတော့သည့်အထိ ပျက်စီးသွားကြောင်း သိရသည်။

နစ်နာဆုံးရှုံးမှုများသည့် ဒေသခံ ၉ ဦးရှိရာ ကုမ္ပဏီက ၎င်းတို့ကို နစ်နာကြေးပေးစေလိုကြောင်း စက်တင်ဘာလ ၂၆ ရက်က ကုမ္ပဏီတာဝန်ခံထံတောင်းဆိုမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကယောယန် ကျေးရွာသည် ဝိုင်းမော်မြို့နယ် မန်ဝင်းကျေးရွာအုပ်စုတွင် ပါဝင်ပြီး ငှက်ပျောခြံ၏ အောက်ဘက်ပိုင်းတွင်ရှိရာ ရေလှောင်ကန်ကျိုးပေါက်သည့်ညက ရွာထဲသို့ ဝင်သည့်ရေသည် ခါးအထက် ရင်စို့ခန့်အထိ နက်ကြောင်း သိရသည်။

"သူတို့သုံးဖို့ ဖြစ်သလို ဆောက်လုပ်သိုလှောင်ထားတဲ့ ရေလှောင်ကန်တွေကြောင့် ကျွန်တော်တို့ စပါးခင်းနဲ့ လယ်ယာမြေတွေ ပျက်စီးခဲ့ပြီ။ လာမယ့်နှစ်မပြောနဲ့ ၃ နှစ်လောက်တော့လုပ်လို့ရတော့မှာမဟုတ်တော့ဘူး"ဟု ဦးကလော်လုပ်ယိန်းက ပြောသည်။

၎င်း၏ လယ် ၂ ဧကကျော်ကို လွန်ခဲ့သည့် ၅ နှစ်ခန့်ကတည်းက ဖော်ဆောင်ကာ စပါးစိုက်ပျိုးခဲ့ရာ နှစ်စဉ် စပါးတင်း ၇၀ မှ ၉၀ အထိထွက်ရှိသော လယ်ဖြစ်သည့်အတွက် စပါး ပြန်လည်မစိုက်ပျိုးနိုင်တော့ဘဲ မိသားစုစားဝတ်နေရေး ခက်ခဲသွားမည်ကို စိုးရိမ်နေကြောင်း ဦးကလော်လုပ်ယိန်းက ဆက်လက်ပြောသည်။

ထို့ကြောင့် ကျေးရွာတစ်ဝိုက်တွင်ရှိသည့် တစ်သျှူးငှက်ပျောစိုက်ခင်းအတွင်း ရေလှောင်ကန်များရှိကြသည့်အတွက် ကျန်ရေလှောင်ကန်များကို ဆက်လက်ထားရှိရေး၊ မထားရှိရေးနှင့် ပတ်သက်ပြီး ဒေသခံများက ကုမ္ပဏီနှင့်တွေ့ဆုံဆွေးနွေးညှိနှိုင်းသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီလောက်ကြီးတဲ့ ရေကန်တွေ လုပ်ထားတာကိုလည်း ရွာသားတွေနဲ့ ဘာမှတိုင်ပင်ဆွေးနွေးတာမျိုးလည်းမရှိဘဲနဲ့ သူတို့သဘောနဲ့သူတို့ လုပ်ထားကြတယ်။ အခုတော့ သူတို့သဘောနဲ့ မလုပ်ခိုင်းတော့ဘူး။ လုပ်မယ်ဆိုရင် ခိုင်ခံ့အောင်လုပ်ဖို့ သဘောတူညီမှုယူရမယ်"ဟု ဦးဘွမ်ခရမ်းတူးကပြောသည်။

ထိုနေ့က ရေလှောင်ကန် နှစ်ကန်တည်းမဟုတ်ဘဲ ဒီထက်ပိုသည့် ကန်များကျိုးပေါက်သွားခဲ့ပါက ဆုံးရှုံးမှုသည် အခုထက် အဆများစွာ ပိုမိုဖြစ်ပွားလာနိုင်ကြောင်းတွက်ဆကာ ဒေသခံများစိုးရိမ်နေကြသည်။

ရေလှောင်ကန်ကျိုးပေါက်မှုကြောင့် ဆုံးရှုံးခဲ့သည့်အရာများနှင့် ပတ်သက်ပြီး ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းရန် စက်တင်ဘာလ ၂၅ ရက် နေ့လယ် ၁၂ နာရီတွင် ချိန်းဆိုခဲ့ရာ ညနေ ၃ နာရီခွဲခန့်မှ ကုမ္ပဏီဘက်က တာဝန်ခံ ဦးချန်လေ့ဒေါင်ဇောင်း ရောက်ရှိလာခဲ့ပြီး ထိုနေ့က ညှိနှိုင်းဖြေရှင်းခြင်းမျိုးမပြုလုပ်ဘဲ နောက်တစ်နေ့တွင် ပြန်လည်တွေ့ဆုံညှိနှိုင်းရန် ပြန်လည်ချိန်းဆိုခဲ့ကြောင်း သိရသည်။

မွန်းမွန်းပန်၊ Ah Je

# တရုတ်နိုင်ငံတွင် ဖမ်းဆီးခံရသည့် မြန်မာနိုင်ငံသားများကို တရုတ်အာဏာပိုင်များက နယ်စပ်ဂိတ်တွင် လာရောက် လွှဲပြောင်းပေးအပ်

မြစ်ကြီးနား၊ စက်တင်ဘာ ၂၇

တရုတ်နိုင်ငံအတွင်း တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်မှုဖြင့် တရုတ်နိုင်ငံတွင် ဖမ်းဆီးခံထားရသည့် မြန်မာနိုင်ငံသား ၄၆ ဦးကို တရုတ်အစိုးရတာဝန်ရှိသူများက ဝိုင်းမော်မြို့နယ် ကန်ပိုက်တည် နယ်စပ်ကုန်သွယ်ရေးစခန်း၌ စက်တင်ဘာလ ၂၆ ရက်က လာရောက် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ လွှဲပြောင်းပေးအပ်ရာတွင် တရုတ်နိုင်ငံ တုန်ကွမ်ပြည်နယ် တုန်ကွမ်မြို့ လဝကတာဝန်ခံအရာရှိ မစ္စတာ ကျောက်ကျိရှန်နှင့် တာဝန်ရှိသူများ လိုက်ပါလာပြီး မြန်မာနိုင်ငံမှ ကန်ပိုက်တည် နယ်စပ်ကုန်သွယ်ရေးစခန်းတွင် တာဝန်ထမ်းဆောင်နေသော လဝကဦးစီးမှူး ဦးအောင်ဇော်ထွန်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စိတ်မှ ရဲအုပ်တင့်လွင်၊ နယ်မြေခံရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက မိမိတို့၏နိုင်ငံသားများ ဟုတ်/မဟုတ် စိစစ်လက်ခံကာ မြန်မာနိုင်ငံသားများအားလွှဲပြောင်းရာ၌ အမျိုးသား ၂၂ ဦးနှင့် အမျိုးသမီး ၂၄ ဦး ပါဝင်ခဲ့သည်။

လွှဲပြောင်းခဲ့သည့် မြန်မာနိုင်ငံသား ၄၆ ဦးကို စစ်ဆေးမေးမြန်းရာ ၎င်းတို့မှာ မြန်မာနိုင်ငံ ကန်ပိုက်တည်မြို့နှင့် လွယ်ဂျယ်မြို့များမှတစ်ဆင့် တရုတ်နိုင်ငံသို့ အလည်အပတ်ခရီးဖြင့် သွားရောက်ခဲ့ရာမှ တရုတ်နိုင်ငံအတွင်း အလုပ်လုပ်ကိုင်နေစဉ် တရုတ်ရဲများက ဝင်ရောက်ဖမ်းဆီးကာ တုန်ကွမ်ရဲစခန်းတွင် ၇ လခန့်ကြာသည်အထိ ထိန်းသိမ်းခံခဲ့ရကြောင်း သိရသည်။

ထို့နောက် ၎င်းတို့ကို တာဝန်ရှိသူများက နေရပ်အသီးသီးသို့ပြန်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

ကျော်သက်ဦး

# မြစ်ကြီးနားလေဆိပ်သို့ ပျံသန်းနေကျ လေကြောင်းလိုင်း သုံးခုယာယီရပ်ဆိုင်းခဲ့



ဓာတ်ပုံ - Salai

မြစ်ကြီးနား၊ စက်တင်ဘာ ၂၇
မန္တလေး၊ ရန်ကုန်နှင့် မြစ်ကြီးနားသို့ ပြေးဆွဲနေသည့် လေကြောင်းလိုင်း ဆယ်ခုခန့် အနက် လေကြောင်းလိုင်း သုံးခုမှာ ရပ်နားနေကြောင်း သိရသည်။

Asian Wing, Air Mandalay, FMI တို့ဖြစ်ပြီး ပြည်တွင်းပျံသန်းမှုများကို ရပ်နားထားကာ ပြည်ပခရီးစဉ်များကို ပြေးဆွဲနေကြောင်း သိရသည်။

လတ်တလောတွင် ပြေးဆွဲနေသည့် မြန်မာ့လေကြောင်း၊ Golden Myanmar, Air KBZ အစရှိသည့် လေကြောင်းလိုင်းများသည်လည်း မြစ်ကြီးနားမှ ရန်ကုန်တိုက်ရိုက်ပြေးဆွဲခြင်း မပြုဘဲ မြစ်ကြီးနားမှ မန္တလေးသို့ တစ်ဆင့်ခံပျံသန်းနေကြောင်း စက်တင်ဘာလ ၂၄ ရက်က ရန်ကုန်မြို့သို့ သွားရောက်ခဲ့သည့်ခရီးသည် ဒေါ်ရွှေယဉ်က ပြောသည်။

"သွားတုန်းက ရန်ကုန်အထိ တိုက်ရိုက်မရဘူး။ မန္တလေးမှာ အနည်းဆုံး သုံးနာရီလောက် ထိုင်စောင့်ရတယ်။ လေယာဉ် ပြန်ချိန်းရတယ်။ အချိန်တွေလည်း အရမ်းပေးရတယ်။ အရင်က နှစ်နာရီခွဲလောက်ပဲကြာတာ။ အခုက ငါးနာရီခွဲလောက်ကြာတယ်။" ဟု ဒေါ်ရွှေယဉ်ကပြောသည်။

ရွှေဈေး၊ လောင်စာဆီဈေးနှုန်းများ တက်လာခြင်းနှင့် စီးပွားရေးဒဏ်ခတ်ပိတ်ဆို့မှုများကြောင့် ကုန်ကျစရိတ် များလွန်းနေသည့် ပြည်တွင်းလေကြောင်းလိုင်း ဈေးကွက်များလည်း မြင့်တက်လာခဲ့သည့်အတွက် စက်တင်ဘာလ ၄ ရက်နေ့မှ စ၍ ထိုလေကြောင်းလိုင်း သုံးခု ရပ်နားခဲ့ပြီး ပြန်လည်ပြေးဆွဲမည့်အချိန်ကို အတိအကျ မသိရသေးပေ။

"ဒါဟာ မြန်မာနိုင်ငံရဲ့ လေကြောင်းရဲ့ လေကြောင်းကဏ္ဍမှာ လုပ်ကိုင်နိုင်ဖို့အတွက် ပိုမိုစိန်ခေါ်မှုကြီး တစ်ရပ်ဖြစ်ပါတယ်"ဟုလည်း Air Mandalay လေကြောင်းလိုင်းမှ ပြောရေးဆိုခွင့်ရှိသူ ဒေါ်မေသန္တာဝင်းက ပြည်တွင်းမီဒီယာတစ်ခုကို ဖြေကြားထားသည်။

လက်ရှိ ပြေးဆွဲနေသည့် လေကြောင်းလိုင်းများ၏ ဈေးနှုန်းများမှာ ရန်ကုန်ခရီးစဉ်အတွက် ကျပ် ၁၂၀,၀၀၀ ဝန်းကျင်မှ ကျပ် ၁၅၀,၀၀၀ ဝန်းကျင်အထိ ဒေါ်လာဈေးအပေါ်မူတည်၍ ဈေးနှုန်းအပြောင်းအလဲများ ဖြစ်ပေါ်နေပြီး လေယာဉ်လက်မှတ်များကိုလည်း အနည်းဆုံးနှစ်ရက် ကြိုတင်မှာယူရသည်ဟုလည်း သိရသည်။

"ဈေးတွေကတော့ ပြန်ပြောင်းဦးမယ်။ အခုတလော လက်မှတ်ဖြတ်ချင်ရင်တော့ နှစ်ရက်ကြိုမှာရမယ်။ လကုန်ပြီးရင်တော့ သီတင်းကျွတ်နီးတာနဲ့ဆိုတော့ လေးငါးရက်တောင် ကြိုတင်မှာရနိုင်တယ်" ဟု San Far လေယာဉ်လက်မှတ်အရောင်းဌာနမှ စာရေးမတစ်ဦးက ပြောသည်။

ယင်းသို့ လေယာဉ်လက်မှတ် အခက်အခဲများကြောင့် အဝေးပြေး Express ကားကြီးများဖြင့် ခရီးသွားသူ ပိုမိုများပြားလာခဲ့ကြောင်း၊ မြစ်ကြီးနား-ရန်ကုန် တိုက်ရိုက်ပြေးဆွဲနေသည့် ယာဉ်စီးခများကိုမူ ဈေးတက်ရောင်းချခြင်း မရှိကြောင်း ပုဂ္ဂလိကပိုင်မော်တော်ယာဉ်များ အဝေးယာဉ်လိုင်းပြေးဆွဲရေး ကော်မတီမှ ဥက္ကဋ္ဌ ဦးအေးဇော်ဇော်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ယာဉ်စီးခ ဈေးနှုန်းနဲ့ ပတ်သက်လို့ကတော့ ယာဉ်လိုင်းတွေကလာပြီး ညှိတာတော့မရှိသေးပါဘူး။ ဈေးနှုန်းကလည်း ပုံမှန်ပါပဲ။ အခုတလော ရန်ကုန်ခရီးသည်တွေ များလာတယ်။ မိုးကောင်းကင်ဂိတ်ကို ကျွန်တော်မေးကြည့်တော့ ရန်ကုန်ခရီးတွေ နေရာပြည့်တယ်"ဟုလည်း ဦးအေးဇော်ဇော်က ဆက်လက်ပြောသည်။

မြစ်ကြီးနားမှ ရန်ကုန်သို့ ယာဉ်အစီးရေ ဆယ်စီးကျော်ခန့် နေ့စဉ်ပြေးဆွဲလျက်ရှိရာ ယာဉ်စီးခတစ်ဦးလျှင် ၃၃၀၀၀ ကျပ်ပေါက်ဈေးရှိပြီး ၃၈၀၀၀ ကျပ် (VIP)၊ ၅၀၀၀၀ (VIP) ကျပ် ကျသင့်သည်။ မြစ်ကြီးနားလေဆိပ်တွင် ယခင်က လေကြောင်းလိုင်း ၈ လိုင်း ပြေးဆွဲလျက်ရှိရာ နေ့စဉ်ခရီးသည် (ထွက်ခွာ/ ဆိုက် ရောက်) ၁၀၀၀ ကျော်ခန့်ရှိကြောင်း သိရသည်။

စည်သူ(မြစ်ကြီးနား)

# အောင်မြင်သာကျောင်းအတွက် ရေအားလျှပ်စစ်ကုမ္ပဏီက စားပွဲနှင့်ထိုင်ခုံများ ပေးအပ်လှူဒါန်း

မြစ်ကြီးနား၊ စက်တင်ဘာ ၂၆
CPI ရေအားလျှပ်စစ်ကုမ္ပဏီက မြစ်ကြီးနားမြို့နယ်၊ အောင်မြင်သာ စံပြကျေးရွာ အထက်တန်းကျောင်းခွဲမှ ကျောင်းသူ/သား ၂၀၀ အတွက်စားပွဲနှင့်ထိုင်ခုံ အစုံ ၂၀၀ ကိုစက်တင်ဘာလ ၂၆ ရက်နေ့က ပေးအပ်ခဲ့ကြောင်း သိရသည်။

မြစ်ဆုံဆည် စီမံကိန်းကြောင့် ပြောင်းရွှေ့ခံရသည့် ကျေးရွာများဖြစ်သည့် မလိယန်နှင့် အောင်မြင်သာ ကျေးရွာတို့မှ ပြည်သူများကို SPIC မှ တာဝန်ရှိသူများက လိုအပ်ချက်များ တောင်းဆိုခိုင်းရာ နှစ်ရွာလုံးက နာရေးကူညီမှုအသင်းအတွက် မော်တော်ကား လိုအပ်ကြောင်းနှင့် အောင်မြင်သာအထက်တန်းကျောင်းအတွက် ထိုင်ခုံများလိုအပ်ကြောင်း ယမန်နှစ်က တောင်းဆိုခဲ့၍ ယခုနှစ်တွင် ထောက်ပံ့ခြင်းဖြစ်ကြောင်း အောင်မြင်သာ ကျောင်းအုပ်ဆရာမကြီး ကေဒီဆိုင်းပန်က ပြောသည်။

"အခုနှစ်က တိုက်ပွဲကြောင့် တိမ်းရှောင်လာတဲ့ အင်ဂျန်းယန်ဘက်က စစ်ရှောင်ကလေးတွေနဲ့ ကျောင်းသားတွေက တစ်နှစ်ပြီးတစ်နှစ်များလာတော့၊ ထိုင်ခုံတွေက ခက်ခဲမှုတွေဖြစ်လာတော့ အဖွဲ့အစည်းတစ်ခုက ၃ ယောက်ထိုင် ထိုင်ခုံ ၇၀ ရခဲ့တယ်"ဟု ပြောသည်။

ယခုအချိန်မှ SPIC ကုမ္ပဏီမှ ထိုင်ခုံများအား လာပေးခြင်းကြောင့် လိုအပ်သော စာသင်ခန်းများအတွက် ပေးအပ်ရန် စီစဉ်ထားကြောင်း သိရသည်။

Ah Je

## Editorial
## အယ်ဒီတာ့အာဘော်

# စားနေကျ ကြောင်ဖားတို့ ပုလင်းကွဲရှလေသောအခါ

အခုတလော လူမှုကွန်ရက်တွင် ပျံ့နှံ့နေသည့် လာဘ်စားမှုကြီးက ခြောက်ခြားစရာကောင်းလွန်းလှသည်။ မြန်မာ့လူမှုအသိုက်အဝန်းတွင် ဆင်းရဲသားများ အမှုမဖြစ်သင့်သည့် ခေတ်ဖြစ်နေပြီလား။ ပိုက်ဆံရှိလျှင် ဘာမဆို လုပ်လို့ရသည့် ခေတ်ဖြစ်နေပြီလားဆိုတာ အနာဂတ် လူမှုအသိုက်အဝန်းအတွက်မတွေးဝံ့လောက်အောင် ရင်မောမိပါသည်။

ရန်ကုန်မြို့မှ ဟာသသရုပ်ဆောင် အောင်ရဲထွေးကို သတ်ဖြတ်သူများဟုဆိုပြီး၊ ဖမ်းဆီးထားသူသုံးဦးကို စစ်ဆေးပြီးနောက် ခိုင်လုံသော အကြောင်းပြချက် တစ်စုံတစ်ခုရှာပြီး အမှုရုတ်သိမ်းလိုက်သည့် ကိစ္စတွင် မြန်မာနိုင်ငံ၏ တရားရေးမဏ္ဍိုင်နှင့် တရားစွဲအဖွဲ့အစည်းဝင်များ၏ အကျင့်ပျက်ခြစားမှုကြီး 'ဘွားကနဲ' ပေါ်လာခဲ့တော့သည်။

တိုင်းဒေသကြီး ဥပဒေချုပ်အပါအဝင် လူခြောက်ဦးကို အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေပုဒ်မဖြင့် စက်တင်ဘာလ ၂၅ ရက်နေ့က တရားစွဲတင်လိုက်ခြင်းဖြစ်သည်။ လုပ်ပိုင်ခွင့်ကို ခွဲဝေပေးထားသည့် တရားစွဲအဖွဲ့အစည်းများ ပူးပေါင်းပြီး ငွေသော့တံဖြင့် ဘူးတံခါးများကို ဖွင့်ပေးလိုက်သည့်အခါ တစ်ပါးသူတို့ကို ခတ်နေကျ လက်ထိပ်က ကိုယ့်လက်ကို ပြန်စွပ်သွားချေပြီ။ စိတ်မကောင်းစရာပင်။

ဥပဒေချုပ်ရာထူးသည် သက်ပြည့်ပင်စင်စား ဝါရင့်ပြည်နယ်နှင့်တိုင်းအဆင့် ဥပဒေအရာရှိများဖြစ်သည်။ ၎င်းနှင့် ရဲအရာရှိကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ - ၅၅ ဖြင့် အရေးယူထားပြီး ကျန်လေးဦးကို ပုဒ်မ ၅၆ ဖြင့် တရားစွဲထားသည်။ လာဘ်ထိုးငွေနှင့် တံစိုးလက်ဆောင်က အန္တရာယ်ကင်းကင်း ပင်စင်ယူခဲ့သောသူ၏ ပင်စင်စားဘဝကို ထောင်နန်းစံရင်း ကုန်လွန်စေတော့မည်ဖြစ်သည်။

သက်ဆိုင်ရာဥပဒေအရာရှိက အစိုးရဘက်မှ လိုက်ရသောရှေ့နေဖြစ်သည်။ ပြစ်မှုကျူးလွန်သူမှန်လျှင် ထောင်မကျကျအောင်ချသူဖြစ်၍ ဆွဲချဟု ခေါ်ဝေါ်ခဲ့ကြသည်။ ၎င်း၏ တာဝန်မှာ တရားခံများ ပြစ်မှုကျူးလွန်ချိန်က အားနည်းချက်များ၊ ဖမ်းဆီးရေးအဖွဲ့၏ အားသာချက်များ၊ သက်သေတို့၏ ထွက်ဆိုချက်များကို တရားသူကြီးရှေ့မှောက်တွင် မေးမြန်းထောက်ပြရသူဖြစ်သည်။ တရားခံကို လွတ်မြောက်အောင် ရှန်းသောတစ်ဖက်က အကျိုးဆောင်ရှေ့နေနှင့် အားပြိုင်ရသူဖြစ်သည်။ တရားသူကြီးက သူ့ရှေ့တွင် ထွက်ဆိုသွားသော တရားလို၊ တရားခံ၊ သက်သေများ၏ ထွက်ဆိုချက်ကိုမှီကာ ထောင်ဒဏ်အပြစ်ပေးရသူဖြစ်သည်။ နိုင်ငံကျော်လူသတ်မှုကို လွတ်မြောက်အောင်လုပ်နိုင်သည့် ၎င်းတို့၏'ဇ'က ခပ်သေးသေးတော့ မဟုတ်။

ယခုခြစားမှုသည် ထိုသူများအတွက် ပထမဆုံးအကြိမ်ကျူးလွန်မိသည့် မလွှဲသာ မရှောင်သာ တိုက်ဆိုင်မှုမျိုးတော့ မဟုတ်နိုင်။ စားနေကျ ကြောင်ဖားကြီးများအတွက် နေ့စဉ်နှင့်အမျှ တိုးဝင်လာသည့် မတူညီသော သားကောင်များကို ဥပဒေဝေါဟာရ ဖွင့်ဆိုချက်အမျိုးမျိုးဖြင့် ပုဒ်မများ အပေါင်းအနုတ်လုပ်၍ ခုနှစ်၊ သက္ကရာဇ်များကို ငွေနှင့် ရောင်းစားခြင်းဖြစ်သည်။

ယင်းဖြစ်စဉ်နှင့်အတူ လိုက်ပါလာသည့် နောက်ဆက်တွဲအတွေးမေးခွန်းများက ထိုသို့သောမတရားမှုပေါင်း မည်မျှဖြစ်ခဲ့ပြီး၊ ထိုမတရားမှုများအောက်တွင် မှန်ကန်ပါလျက် ငွေမပေးနိုင်၍ ထောင်ကျခဲ့သူ ဘယ်နှယောက်ရှိနေပြီလဲ၊ ငွေကြေးမတတ်နိုင်၍ အမှုကိုအရှုံးပေးလိုက်ရသူ ဘယ်လောက်များနေပြီလဲ၊ ပြစ်မှုကျူးလွန်ပါလျက် လွတ်မြောက်ခဲ့သူ ဘယ်လောက်အထိများနေပြီလဲ။

ငွေနှင့်အမှန်တရားကြားတွင် လူပေါင်းဘယ်နှယောက်ပြိုလဲခဲ့ရပြီလဲဆိုသည့် မေးခွန်းဖြစ်တော့သည်။

မြစ်ကြီးနားသတင်းဂျာနယ်

# အာဏာခွဲဝေခြင်းနှင့် အစိုးရများ၏ အခြေခံသဘောတရားများ (Division of Power)

M Kawn La ရေးသားသည်

နိုင်ငံတစ်နိုင်ငံမှာ အာဏာခွဲဝေသတ်မှတ်ပုံက သိပ်အရေးကြီးပါတယ်။ သူရဲ့ ခွဲဝေမှုပုံစနစ်အရ နိုင်ငံတော်ပုံစံ
၁။ အမျိုးသားနိုင်ငံ တစ်ပြည်ထောင်အစိုးရစနစ်
၂။ ပြည်ထောင်စု အစိုးရစနစ်
ဆိုပြီး (၂)မျိုး ပေါ်လာလို့ပါ။

ဒါကြောင့် မြန်မာပြည်သူနဲ့ ကချင်လူထုက အာဏာတွေ ဘယ်လိုခွဲဝေသလဲဆိုတာ သိသင့်တဲ့ကိစ္စဖြစ်တယ်။ ကျွန်တော်တို့နိုင်ငံဟာ အဲဒီအာဏာခွဲဝေမှုစနစ်ကြီး မမှန်ကန်ခဲ့လို့ သဟဇာတမဖြစ်ခဲ့လို့ နှစ်ပေါင်း ၇၀ မငြိမ်းချမ်းခဲ့ဘူးမို့လား။ ဒါကြောင့် အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီ နိုင်ငံ ထူထောင်ဖို့ ကြိုးစားရာမှာ နိုင်ငံရေးအခြေခံသဘောတရားတွေ နိုင်ငံရေးသမားတွေသာမက လူထုပါ ထိတွေ့နားလည်ထားဖို့ လိုအပ်လှပေတယ်မဟုတ်လား။

စာတော့ လေးမယ်။
အကျိုးထူးမယ် ယူဆပါရဲ့။

တစ်ပါတီစနစ်၊ ပါတီစုံစနစ်၊ အာဏာရှင်စနစ် မည်သည့်စနစ်ကျင့်သုံးတဲ့ နိုင်ငံတွေမဆို နိုင်ငံတော်အာဏာကို အစိုးရအဖွဲ့ထဲမှာပဲ ဝန်ကြီးဌာနများအဖြစ် ခွဲခြမ်းပြီး ဆောင်ရွက်ရသလို နိုင်ငံပိုင်နက် အကျယ်အဝန်းအလိုက် မြို့နယ် (township) တွေ၊ ကွန်မြူးန်(commune)တွေ၊ ကောင်တီ(county)တွေအဖြစ် အသေးဆုံးယူနစ်ကနေ ခရိုင်(district)၊ ပြည်နယ်(state)၊ အမျိုးသားနေရာတွေ (national area)၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသကြီး (autonomous area) စတဲ့ အကြီးဆုံးယူနစ်များအထိ ဒေသအာဏာပိုင်အဖြစ် ခွဲခြားလုပ်ဆောင်ရပါတယ်။ အဲဒီဒေသအသီးသီးမှာလည်း နိုင်ငံရေးအဖွဲ့အစည်းတွေ ရှိနေကြတယ်။

အဲဒီလို ခွဲခြမ်းစိတ်ဖြာ တာဝန်ယူလုပ်ဆောင်မှုကြောင့် ဗဟိုအစိုးရနဲ့ဒေသဆိုင်ရာအစိုးရများဆိုပြီး တာဝန်ခွဲဝေမှုနဲ့ အုပ်ချုပ်ရေးယန္တရား ပေါ်ပေါက်လာတယ်။ အဲဒီမှာ အာဏာကို ဗဟိုကပဲ အစစအရာရာချုပ်ကိုင်မလား၊ ဒေသဆိုင်ရာအစိုးရများကို လုပ်ပိုင်ခွင့်ကျယ်ကျယ်ပြန့်ပြန့်ပေးမလားဆိုပြီး အယူအဆ ၂ မျိုး ကမ္ဘာမှာ ပေါ်ပေါက်လာတယ်။

အဲဒီအယူအဆအပေါ်မှာပဲ တစ်ပြည်ထောင်အစိုးရနဲ့ ပြည်ထောင်စုအစိုးရဆိုပြီး ကွဲပြားသွားတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ အနာဂတ်ရည်မှန်းချက်က ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုဖြစ်နေလို့ အာဏာခွဲဝေ သတ်မှတ်လုပ်ကိုင်ပုံတွေဟာ နိုင်ငံသားတိုင်း သိနေရပါမယ်။ အထူးသဖြင့် ပြည်နယ်သား တိုင်းရင်းသား ကချင်တွေ ပိုသိသင့်တယ်။

## မီးတောက်နေတဲ့ ပြည်နယ်

ကချင်လူမျိုးစု ၆ မျိုး ရှိနေပြီး လီဆူများရဲ့ တောင်းဆိုမှုအချို့နဲ့ ရှမ်းနီများရဲ့ နိုင်ငံရေးတောင်းဆိုမှုတွေနဲ့ အာဏာခွဲဝေလုပ်ဆောင်ပုံ သဘောတရားတွေ နားလည်ထားဖို့လိုနေပါတယ်။

အာဏာခွဲဝေလုပ်ဆောင်ပုံမှာ ဗဟိုအစိုးရ လုပ်ကိုင်ဆောင်ရွက်ပုံနဲ့ နယ်မြေဒေသအလိုက် ခွဲဝေလုပ်ဆောင်ပုံများ ၂ ပိုင်း ရှိပါတယ်။

## ဗဟိုအစိုးရ အာဏာခွဲဝေခြင်း

အာဏာကို ကဏ္ဍကြီး ၃ ခု ပြန်ဖြန့်ခွဲပါတယ်။ အုပ်ချုပ်ရေး (Executive)၊ ဥပဒေပြုရေး (Legislative)၊ တရားစီရင်ရေး (Judicial) ဆိုပြီး power separation အာဏာဖြန့်ခွဲခြင်း ပြန်လုပ်တယ်။ အဓိကပြောလိုတာက အုပ်ချုပ်ရေးရဲ့ အာဏာခွဲဝေ လုပ်ဆောင်မှုကို ပြောချင်တာဖြစ်တယ်။ ဗဟိုအစိုးရ အာဏာမှာ နိုင်ငံခြားရေး၊ ကာကွယ်ရေး၊ ပြည်ထဲရေး၊ စီမံဘဏ္ဍာ၊ ကျန်းမာရေး၊ ပညာရေး ဆိုပြီး အရေးအကြီးဆုံး ဝန်ကြီးဌာနခွဲများကို ခွဲဝေလုပ်ဆောင်စေပြီး အနိုင်ရပါတီက အဓိကချုပ်ကိုင်လုပ်ဆောင်ပါတယ်။ ကျန်တဲ့ဌာနတွေကို နိုင်ငံလိုအပ်ချက်အရ ထပ်မံခွဲဝေလုပ်ဆောင်တယ်။

တစ်ပြည်ထောင်ပဲဖြစ်ဖြစ် ပြည်ထောင်စုပဲဖြစ်ဖြစ် အနိုင်ရပါတီကပဲ ဦးဆောင်လေ့ရှိပြီး ညွန့်ပေါင်းအစိုးရ ဖြစ်မှသာ အာဏာဖြန့်ခွဲမှု ထပ်လုပ်လေ့ရှိပါတယ်။ မြန်မာပြည်ရဲ့ လက်ရှိအခင်းအကျင်းအရ NLD အစိုးရဟာ အနိုင်ရပါတီအဖြစ် ရှိနေပြီး တစ်ပြည်ထောင်စနစ်ကိုပဲ ၂၀၀၈ အခြေခံဥပဒေအရ ကျင့်သုံးနေပါတယ်။ တိုင်းရင်းသား နိုင်ငံသမားအချို့တွေကို ပါတီတွင်း သွတ်သွင်းပြီး ပြည်နယ်တိုင်းရင်းသားအဒေသအချို့မှာ ဦးဆောင်ခိုင်းပြီး ဖက်ဒရယ်ဆန်ဆန် လုပ်နေပေမယ့် တိုင်းရင်းသားပါတီတွေ အားကောင်းအနိုင်ရတဲ့ ပြည်နယ်တွေမှာ (ဥပမာ - ရခိုင်နဲ့ရှမ်း) ဗဟိုကပဲ ချုပ်ကိုင်ထားဆဲ ဖြစ်တယ်။

## နယ်မြေဒေသအလိုက် အာဏာခွဲဝေခြင်း

ဒီအကြောင်းကို မတင်ပြခင်နယ်မြေကိုအခြေခံပြီးအစိုးရအာဏာများ ခွဲဝေရေးမှာ ကြုံတွေ့နိုင်တဲ့ ပြဿနာတွေကို အရင်တင်ပြချင်ပါတယ်။

သိသင့်တဲ့ အကြောင်းအရာပါ။

အဲဒါတွေကတော့
၁။ နယ်မြေအလိုက် ခွဲဝေမှုကို ဆုံးဖြတ်ရမည့် အာဏာပိုင်
၂။ ပထဝီ အနေအထားအရ ခွဲဝေမှုကို နိုင်ငံရေးယူနစ်အဖြစ်သို့ ပြောင်းလဲရမည့်စနစ်
၃။ နယ်မြေယူနစ်တစ်ခုခြင်းဆီသို့ လွှဲပေးရမည့် အစိုးရအာဏာ
၄။ နယ်မြေတစ်ခုခြင်းဆီမှာ တည်ထောင်ရမည့် အစိုးရ

နံပါတ်(၁)အရ

ဒါဟာအခု ၂၁ပင်လုံနိုင်ငံရေးကဏ္ဍမှာ ဆွေးနွေးမယ့် ပြည်ထောင်စုဖွဲ့စည်းမယ့်စနစ်ကို ပြောနေတာဖြစ်တယ်။

အစိုးရလို့ ခေါ်နေတဲ့ ဗမာပါတီတွေ၊ လွှတ်တော်၊ တပ်မတော် အစုအဖွဲ့များကတော့ လူမျိုးကို အခြေမခံဘဲ ဒေသတွေအခြေခံပြီး ပြည်ထောင်စုဖွဲ့ချင်နေပါတယ်။ တိုင်းရင်းသားအားလုံး(ပါတီ၊ လက်နက်ကိုင်အဖွဲ့၊ တိုင်းရင်းသားကိုယ်စားလှယ်၊ ပါဝင်သင့်သူများ အစုအဖွဲ့)ကတော့ မူလနိုင်ငံထူထောင်ခဲ့တဲ့ ပင်လုံစာချုပ်ကတိအရ လူမျိုးကို အခြေပြုတဲ့ ပြည်နယ်တွေနဲ့ ဖွဲ့စည်းဖို့ အလိုရှိကြတယ်။

ဒါဟာ နယ်မြေဒေသအလိုက် အာဏာကို ခွဲဝေထားရှိမှုရဲ့ အဆုံးအဖြတ်ကို ဆောင်ရွက်နေတာ ဖြစ်တယ်။

နောင်လာမယ့် အနာဂတ်အတွက် ပြည်ထောင်စုသဘောတူစာချုပ် (Union accord) က လမ်းကြောင်းပေးမှာဖြစ်ပြီး အခြေခံဥပဒေအသစ်က အဆုံးအဖြတ်ပေးဖို့လုပ်နေတာဖြစ်တယ်။ ယခင်ကတော့ ၂၀၀၈ အခြေခံဥပဒေကပဲ အဆုံးအဖြတ်ပေးတဲ့ အာဏာ ရယူထားတယ်။ ၂၀၀၈ မတိုင်မီကတော့ တပ်မတော် De facto အစိုးရက အဲဒီအာဏာကို ကိုင်စွဲ စိတ်ကြိုက်လုပ်ခဲ့တယ်။ ဖြစ်သင့်တာက အဲဒီ အာဏာပိုင်ဟာ ပြည်သူလူထုပဲ ဖြစ်ရပါမယ်။ ဒီမိုကရေစီနစ်မှာ referendum (ပြည်သူ့ဆန္ဒ ခံယူခြင်းနဲ့) ပြည်သူဆီ အာဏာကို တိုက်ရိုက် အပ်နှင်းထားသင့်တယ်။ အဲဒီအချက်ဟာ မြန်မာပြည်အတွက် မရှိမဖြစ် လိုအပ်နေတာ ဖြစ်တယ်။



နံပါတ်(၂)အရ

ပထဝီအနေအထားအရ နိုင်ငံရေးယူနစ်အဖြစ် ပြောင်းလဲခြင်းပြဿနာ ဖြစ်တယ်။ ဒီအပေါ် ကျွန်တော်တို့စဉ်းစားရမှာက ဝိရောဓိအများကြီး ရှိပါတယ်။ ပထဝီနယ်မြေဒေသတိုင်းကို ပေးမှာလား။

နဂိုရှိရင်းစွဲ လူမျိုးစုကြီး(၈) စုအနေနဲ့ ပြည်နယ်တွေဆိုပြီး နိုင်ငံရေးယူနစ်တွေဖွဲ့ပြီး ဖြစ်တယ်။ အဲဒီ ယူနစ်တွေထဲက ထပ်ပြီး ပေးဦးမလားဆိုတာ အနာဂတ် မြန်မာနိုင်ငံဖွဲ့စည်းမှု ပြဿနာအကြီးကြီး ဖြစ်လာတယ်။

ဥပမာ ရှမ်းပြည်နယ်ထဲမှာ ဝ၊ ကိုးကန့်နဲ့ ပအိုဝ်တွေကို ကိုယ်ပိုင်အုပ်ချုပ်မှု ဒေသအဖြစ် ပေးခဲ့ပေမယ့် တအောင်း ပလောင်တွေက ထပ်တောင်းလာနေတယ်။ ကချင်မှာဆို လီဆူနဲ့ရှမ်းနီတောင်းနေတယ်။ အဲဒါတွေကို နယ်မြေဒေသအလိုက် နိုင်ငံရေးယူနစ်အဖြစ် ပြောင်းမပြောင်း ဖြေရခက်တဲ့ ပုစ္ဆာတွေ ဖြစ်နေတယ်။

နံပါတ် (၃) အရ နယ်မြေတစ်ယူနစ်ချင်းစီကို လွှဲပေးရမယ့် အစိုးရအာဏာ ပြဿနာ၊ ဒါကတော့ ပြည်ထောင်စုနယ်မြေ သို့မဟုတ် နိုင်ငံနယ်မြေ တစ်ခုချင်းစီကို နိုင်ငံရေးအရ အပ်နှင်းပြီး မည်သည့်အာဏာတွေကို အပ်နှင်းပြီး လုပ်ပိုင်ခွင့် ပေးမလဲကိစ္စ ဖြစ်တယ်။

လိုသွားရင် ဗဟိုချုပ်ကိုင်မှု အားကောင်းမယ်။ ပိုသွားရင်တော့ အချုပ်အခြာအာဏာကို ခွဲဝေပေးလိုက်သလို ဖြစ်သွားမယ်။ မဟာမိတ် (Confederate) ဘက် ရောက်သွားမယ်။ ညီညွတ်မျှတတဲ့ အာဏာခွဲဝေရေး အရေးပါတယ်။

နံပါတ်(၄)အရ

နယ်မြေတစ်ခုချင်းစီမှာ ထူထောင်မယ့်အစိုးရပုံစံပြဿနာ

ဒါကတော့ နယ်မြေတစ်ခုချင်းစီမှာလွှတ်တော်တွေဘယ်နှစ်ရပ်ထားမလဲ။ အစိုးရဖွဲ့စည်းပုံအားလုံးနဲ့ အခြားနယ်မြေတွေနဲ့ တစ်သမတ်တည်းထားမလား။ တရားလွှတ်တော်ချုပ် ထားရှိမှုတွေ စဉ်းစားရမှာ ဖြစ်တယ်။ ဒီကြားထဲမှာ National Area တွေ Autonomous area တွေ ဘယ်လောက်သတ်မှတ် ဖွဲ့စည်းမလဲ။ သူတို့နဲ့ power division ဘယ်လိုထပ်လုပ်မလဲ စဉ်းစားချက်တွေဖြစ်တယ်။ အဓိကက အုပ်ချုပ်ရေး Executive မှာ ပြည်နယ်အစိုးရ ဝန်ကြီးဌာနဖွဲ့စည်းမှု မတူညီနိုင်ဖြစ်ရမှာပါ။ ဒေသတစ်ခုနဲ့ တစ်ခု လိုအပ်ချက်မှ မတူနိုင်တာပဲ။ ဒါနဲ့ ဆက်စပ်ပြီး ပြည်နယ်ဘတ်ဂျက်ကို ကိုယ့်ပြည်နယ်ဒေသအထဲမှာပဲ ထားရှိရမှာလို့ ယူဆပါတယ်။

ဒါတွေဟာ ဖက်ဒရယ်စနစ်ကို မသွားခင် ကြုံတွေ့ရမယ့် ဖြေရှင်းရမယ့် အခက်အခဲတွေ ဖြစတယ်။ သေချာစဉ်းစားနိုင်ဖို့ တင်ပြလိုက်ရပါတယ်။

ဆက်ပါဦးမည်





**တုတ်ထိုး** - ကူညီပါရစေ။ ကူညီပါရစေဗျ။ ကူညီပါရစေ။ ကူညီပါရစေဗျ။
**အိုးပေါက်** - ခင်ဗျားက သီချင်းဆိုနေတာလား။ ရွဲ့နေတာလား။

**တုတ်ထိုး** - ဟာဗျာ. . .။ ကျုပ်ဘာသာ သီချင်းဆိုနေတာပါ။ ဘယ်သူ့ရွဲ့ရမှာတုန်း။
**အိုးပေါက်** - မသိဘူးလေဗျာ။ ရဲတွေကိုများ ရွဲ့ပြီးဆိုနေ၊ စောင်းပြီးဆိုနေတာလားလို့။

**တုတ်ထိုး** - မရွဲ့ရ၊ မစောင်းရပါဘူးဗျာ။ ပြောစမ်းပါဦး ရဲနဲ့ပတ်သက်ပြီး ဘာတွေများ ထူးလို့ ဒီလိုပြောနေရတာတုန်း။
**အိုးပေါက်** - ခင်ဗျား မကြားဘူးလား။ မင်္ဂလာတောင်ညွန့်မြို့နယ်မှာရှိတဲ့ တည်းခိုခန်းမှာဖြစ်ပွားခဲ့တဲ့ လူသတ်မှုလေဗျာ။

**တုတ်ထိုး** - ကြားတော့ကြားသားပဲ။ ပြည့်ပြည့်စုံစုံလေး သိရအောင် ပြောပြစမ်းပါဦးဗျာ။
**အိုးပေါက်** - ပြစ်မှုကျူးလွန်သူက မလင်းလင်းခိုင်ဆိုတဲ့ အမျိုးသမီးဗျ။ ဘာကြောင့် သတ်လိုက်ရတယ်ဆိုတဲ့ အကြောင်းကို တရားခံကိုယ်တိုင် အမှုအကြောင်းပြောထားတဲ့ ဗီဒီယိုဖိုင်တစ်ခု လူမှုကွန်ရက်မှာ ပျံ့နေတယ်။ သူက ၂၀၁၇ မှာ လူတစ်ယောက်နဲ့ Facebook မှာ သိကျွမ်းခဲ့တယ်။ အဲဒီလူက လူပျိုလူလွတ်တစ်ဦးဖြစ်ပြီး အစ်မနဲ့ သူ့ရဲ့သားသုံးယောက်ကို စောင့်ရှောက်နေတဲ့သူပါလို့ လိမ်ညာခဲ့သတဲ့ဗျ။ ပြီးတော့ အဲ့ဒီအမျိုးသမီးကို လိမ်ညာလက်ထပ်ပေါင်းသင်းခဲ့တယ်။

**တုတ်ထိုး** - facebook ဆိုတာလည်း သုံးတတ်ရင်ဆေး၊ မသုံးတတ်ရင် ဘေးပဲဗျ။
**အိုးပေါက်** - ၂၀၁၈ ရောက်တော့ မြဝတီဘက်မှာ အလုပ်လုပ်မယ်ဆိုပြီးခေါ်သွားသတဲ့။ မြဝတီရောက်တော့ အိမ်တစ်အိမ်မှာ လိမ်ညာထားခဲ့ပြီး သူ့ကို ထိုင်းနိုင်ငံဘက်ပို့မယ်ဆိုတော့မှ ရောင်းစားခံရမှန်း သိတာတဲ့။

**တုတ်ထိုး** - ဘယ်သူသေသေ၊ ငတေမာရင်ပြီးရောဆိုတဲ့ လူတွေကြောင့် ခက်တယ်ဗျာ။
**အိုးပေါက်** - ဒါနဲ့ သူက ရန်ကုန်ကို ထွက်ပြေးလာခဲ့တယ်။

**တုတ်ထိုး** - လိမ်မာပါးနပ်လို့ တော်သေးတာပေါ့ဗျာ။
**အိုးပေါက်** - နောက်တော့ အဲဒီယောကျ်ားကို ပြန်ခေါ်တယ်။ ထီပေါက်တယ်ဆိုပြီး လှမ်းခေါ်တာတဲ့။

**တုတ်ထိုး** - ဉာဏ်ကောင်းတဲ့မိန်းကလေးကို ပြောရမလား။ ရက်စက်တဲ့ မိန်းကလေးလို့ပြောရမလား။ သနားစရာကောင်းတဲ့ မိန်းကလေးလို့ ပြောရမလားဗျာ။
**အိုးပေါက်** - သနားစရာကောင်းတာတော့ အမှန်ပဲ။ သူ ထီပေါက်တယ်ဆိုတာနဲ့ အဲဒီယောကျ်ား လိုက်လာတယ်။ မင်္ဂလာတောင်ညွန့်မြို့နယ်ထဲက တည်းခိုခန်းမှာ ချိန်းတယ်။ ပြီးတော့ ဓားနဲ့ထိုးသတ်လိုက်တယ်။

**တုတ်ထိုး** - လောဘ၊ ဒေါသတွေဟာ ဆင်ခြင်ဉာဏ်ကို ကွယ်ပျောက်စေတာပဲ။
**အိုးပေါက်** - ရဲစခန်းတွေကို ဒီအမှုမတိုင်ခင်က သူ့ကို ဒီလိုရောင်းစားဖို့ ကြိုးစားခဲ့ပါတယ်။ ဥပဒေအရ အရေးယူပေးပါဆိုပြီး ရဲစခန်းတွေကို လိုက်ပြီးအမှုဖွင့်တယ်။ ရဲစခန်းတွေကလည်း ဟိုစခန်းမှာသွားပြီး အမှုဖွင့်ပါ။ ဒီရဲစခန်းမှာသွားပြီး အမှုဖွင့်ပါဆိုပြီး ဘော်လီဘောပုတ်နေခဲ့ကြတယ်။ တောင်မြောက်ရဲစခန်းကနေ ဧရာဝဏ်ရဲစခန်းကို ရောက်တယ်။ ဧရာဝဏ်ရဲစခန်းရောက်ပြန်တော့ အချက်အလက်တွေ ရေးပေးပြီး တောင်ဒဂုံတရားရုံးမှာ ဦးတိုက်သွားလျှောက်ခိုင်းတယ်။ ဦးတိုက်လည်း သွားလျှောက်ရော မြဝတီရဲစခန်းမှာ သွားတိုင်တဲ့။ ကြည့်နော် ရန်ကုန်ရဲစခန်းကနေ မြဝတီက ရဲစခန်းကို ပြန်လွှတ်ပြီး အမှုဖွင့်ခိုင်းနေတာ။

**တုတ်ထိုး** - တချို့ရဲတွေကြောင့် ရဲတွေရဲ့ဂုဏ်သိက္ခာကျရပါတယ်။ တချို့ရဲတွေက ရဲတွေရဲ့ ဂုဏ်သိက္ခာကို မနည်းကြိုးစားပြီး အဖတ်ဆည်နေကြချိန် တချို့ရဲတွေက ကိုယ့်ဂုဏ်သိက္ခာညှိုးနွမ်းအောင်လုပ်နေကြတယ်။ ငါးခုံးမတွေကြောင့် ရဲလှေကြီး ပုပ်တဲ့သဘောပါပဲ။
**အိုးပေါက်** - "ကူညီပါရစေ၊ ကူညီပါရစေခင်ဗျာ" မဟုတ်တော့ဘူး။ "ဘော်လီဘောပုတ်ပါရစေ၊ ဘော်လီဘော ပုတ်ပါရစေခင်ဗျာ"ဖြစ်နေပြီ။

**တုတ်ထိုး** - ဥပဒေဘက်တော်သားတွေဟာ ဥပဒေအထက်မှာ ထင်သလို မနေအပ်ဘူး။ အားကိုးရာမဲ့နေတဲ့ ပြည်သူတွေကို ရင်ဝယ်သားလို စောင့်ရှောက်ကြရမယ်။
**အိုးပေါက်** - အခုဖြစ်တဲ့ အမှုကိစ္စမှာ ရဲစခန်းတွေရဲ့ ပေါ့လျော့မှုဟာ ပေါ်လွင်နေတယ်။

**တုတ်ထိုး** - 'ပြည်သူ့ရဲ'ကနေ 'ပြည်သူ့ငရဲ' ဖြစ်မသွားဖို့ ဆုတောင်းပါတယ်ဗျာ။
**အိုးပေါက်** - ရဲတွေကသာ အမှုလာဖွင့်တုန်းက "ကူညီပါရစေ" ဆိုတဲ့အတိုင်း ကူညီခဲ့ကြရင် ဒီလူသတ်မှုဖြစ်လာဖွယ် မရှိဘူးဗျ။

**တုတ်ထိုး** - ငွေပေးမှ အမှုဖွင့်ပေးတဲ့ "ပြည်သူ့ရဲများ" မဖြစ်ကြဖို့လည်း ဆုတောင်းပါတယ်ဗျာ။
**အိုးပေါက်** - ကြားဖူးနားဝ ပုံပြင်လေးတစ်ခုတောင် သတိရမိတယ်။

**တုတ်ထိုး** - ပြောပါဦးဗျာ။
**အိုးပေါက်** - တစ်ခါကတဲ့ ဆင်းရဲတဲ့ အဘွားကြီးတစ်ယောက် ရှိသတဲ့။

**တုတ်ထိုး** - သူလည်း ရဲစခန်းသွားပြီး အကူအညီတောင်း၊ ရဲစခန်းက အမှုဖွင့်မပေးဘူးတဲ့လား။
**အိုးပေါက်** - ဟာဗျာ၊ ဘာတွေလျှောက်ပြောနေတာလဲ။ အဲဒါတွေ မပါဘူး။

**တုတ်ထိုး** - ဟဲ ဟဲ ဟဲ။ စတာပါဗျာ။ ပြော ပြော။
**အိုးပေါက်** - ဆင်းရဲတော့ အဘွားကြီးက သူတောင်းစားလုပ်ပြီး အသက်မွေးရတာပေါ့။ တစ်ရက်တော့ အဘွားကြီးက စားစရာက မရှိ၊ သောက်စရာကမရှိဖြစ်တော့ သိကြားမင်းကြီးဆီတိုင်တည်ပြီး ဆုတောင်းတယ်။ "သိကြားမင်းကြီးရယ် ကျွန်တော်မျိုးမကြီးမှာ စားရမဲ့ သောက်ရမဲ့ဖြစ်နေပါတယ်ရှင်၊ စာနာသနားသောအားဖြင့် ပိုက်ဆံလေး တစ်ထောင်လောက် ကူညီမစပါရှင်"ဆိုပြီး တိုင်တည်ဆုတောင်းသတဲ့။

**တုတ်ထိုး** - . . . . .။
**အိုးပေါက်** - အဲ့ဒီအချိန်မှာ သူ့ဘေးကနေ ဒုရဲအုပ်ကိုလှရွှေတစ်ယောက်က အနားက ဖြတ်သွားသတဲ့။

**တုတ်ထိုး** - သူတောင်းစားဆီက အခွန်တောင်းမလို့လား၊ လိုင်းကြေး တောင်းမလို့လားဟင်။
**အိုးပေါက်** - အဲဒီ ရဲသားကြီးကိုလှရွှေက အဘွားကြီးကိုမြင်တော့ သနားသွားသတဲ့။ အဲ့ဒါနဲ့ အဘွားကြီးကို သနားပြီး သူ့အိတ်ထဲက ငွေငါးရာကျပ်ကို ထုတ်ပြီး လှူလိုက်သတဲ့။ သူလည်း လှူပြီးလို့ လှည့်အထွက်မှာ အဘွားကြီးက မိုးပေါ်ကို မော့ကြည့်ပြီး တိုင်တည်သတဲ့။

**တုတ်ထိုး** - ဘာတဲ့။
**အိုးပေါက်** - "အရှင်သိကြားမင်းကြီးရယ်၊ အရှင့်ရဲ့မေတ္တာတရားကို အသိအမှတ်ပြုပါတယ်။ ဒါပေမဲ့ အရှင်သိကြားမင်းက ကိုယ်တိုင်တော့ ဆင်းမလှူဘူး။ အခုတော့ ကိုရွှေရဲသားကို ထည့်ခိုင်းလိုက်တော့ ကျွန်တော်မျိုးမမှာ ငါးရာပဲ ရပါတယ်ဘုရား။ ဒါကြောင့် အဲ့ဒီရဲသားကြီးကို ဝရဇိန်လက်နက်နဲ့ ဆုံးမတော်မူပါဘုရား"တဲ့။

**တုတ်ထိုး** - အင်း၊ ကိုလှရွှေတွေကို သူတောင်းစားကစပြီး မယုံဘူးဆိုတာကိုပုံပြင်ကသင်ခန်းစာပေးသွားတာပဲဗျ။ ဟဲဟဲဟဲ။
**အိုးပေါက်** - ဟွန်း၊ မှတ်တောင်ထားရဦးမယ်။

**တုတ်ထိုး** - ဒါနဲ့ စကားမစပ်။ ရွှေရှိတဲ့သူတွေကတော့ ဒေါ်လာဈေးတက်တုန်း ရှိတဲ့ရွှေတွေကို ထုတ်ရောင်းနေကြတယ်။ ခင်ဗျားရောရောင်းစရာ ရွှေလေးဘာလေး မရှိဘူးလား။
**အိုးပေါက်** - ရွှေနဲ့တူတာဆိုလို့ ရွှေဝါဆပ်ပြာပဲ ရှိတယ်။

**တုတ်ထိုး** - တော်တော်ချမ်းသာတာပဲ။ အဆင်ပြေအောင် မြစ်ကြီးနားသတင်းဂျာနယ် အယ်ဒီတာကြီးကို စာမူခတိုးခိုင်းပေါ့။ ဟဲ ဟဲ ဟဲ။
**အိုးပေါက်** - အောင်မယ်၊ အယ်ဒီတာဆီကို စာမူခတိုးခိုင်းတဲ့ကိစ္စဟာ အချုပ်သားတွေ ထောင်ကဖောက်ပြီး ကားနဲ့ထွက်ပြေးသလို လွယ်တဲ့ကိစ္စများ မှတ်နေသလား။

**တုတ်ထိုး** - အယ်ဒီတာမင်းကြီး ဒီစာကိုကျော်ဖတ်မိပါစေ။ တော်ကြာ မတိုးတဲ့အပြင် ဒေါ်လာဈေးတက်လို့၊ စက္ကူဈေးတက်လို့ စာမူခတွေ ချပါရစေဦးဆိုမှ ဒုက္ခ။
**အိုးပေါက်** - အယ်ဒီတာမင်းကြီး သိန်းထီကြီးပေါက်ပါစေဗျာ။

**တုတ်ထိုး** - သူများတွေများ ဒေါ်လာဈေးတက်တော့ ကုန်ပစ္စည်းတွေကို ဈေးတက်ကြတယ်။ ဈေးကစားကြတယ်။ တုတ်ထိုး အိုးပေါက် ဘဝကတော့ တက်စရာဆိုလို့ ဇက်ကြောပဲရှိတယ်။
**အိုးပေါက်** - ဇက်ကြောတော့ တက်ချင်တက်။ အရက်တုတွေ သောက်ပြီးတော့ အသက်မထွက်မိစေနဲ့ဦး။

**တုတ်ထိုး** - ဟုတ်တယ်နော်။ မလေးရှားနိုင်ငံမှာ အရက်တုတွေသောက်မိပြီးလူတချို့သေဆုံးခဲ့ကြတယ်။ သေဆုံးတဲ့အထဲမှာ မြန်မာနိုင်ငံသားတချို့လည်း ပါတယ်တဲ့။
**အိုးပေါက်** - အရက်တုလည်း သတိထားရမယ်။ ကူညီပါရစေဆိုပြီး မေတ္တာတုပေးနေကြတဲ့ ရဲတွေကိုလည်း သတိထားရမယ်။ ကျွန်မတို့ကို မဲပေးကြပါ၊ ကျွန်တော်တို့ကို မဲပေးကြပါဆိုပြီး ရွေးကောက်ပွဲရောက်မှ ပြုံးပြုံး ပြုံးပြုံးနဲ့ ပြည်သူကြားရောက်လာတတ်ကြတဲ့ ပေါ်တော်မူကြီးတွေကိုလည်း သတိထားရမယ်။

**တုတ်ထိုး** - သတင်းအတုတွေကိုလည်း သတိထားရမယ်။
**အိုးပေါက်** - "သတိ တမံ ဉာဏ်မြေကတုတ်၊ ပညာစွမ်းချွန်းကဲ့သို့အုပ်"လို့ဆိုကြသဗျ။

**တုတ်ထိုး** - မြန်မာပြည်သူအပေါင်း သတိတရားအပြည့် ပညာတရားအပြည့်နဲ့ ဘေးကင်းတော် မူကြပါစေဗျာ။
**အိုးပေါက်** - နေဦး နေဦးဟေ့လူ။ ဒီမှာ အင်တာနက်မှာ သတင်းတွေ တက်လာပြန်ပြီ။ လင်းလင်းခိုင်ရဲ့ သတင်း။

**တုတ်ထိုး** - ဘာတဲ့။
**အိုးပေါက်** - အဲ့ဒီလူသတ်မှုဖြစ်စဉ်မှာ သေဆုံးရသူ ထွန်းလင်းအောင်(ခ) ဖိုးထောင်ရဲ့ ဇနီးဖြစ်သူက မကျေနပ်ချက်တွေကို ပြန်ရှင်းထားတာဗျ။ အခုဖြစ်တာ အိမ်ထောင်သည်အချင်းချင်း။ သူလည်း အိမ်ထောင်သည်၊ ကျွန်မလည်း အိမ်ထောင်သည်ပါတဲ့။ တကယ်ဆို လူပျိုမဟုတ်တာလည်း သူသိပါတယ်တဲ့။ သူပြောတာတွေက လွန်လွန်းလို့ပြောရတာပါတဲ့။ အဲဒီ လူသတ်တရားခံနဲ့သူ့ယောကျ်ားဟာ သွားပေါင်းနေတာ နှစ်လလောက်ရှိပြီတဲ့။ အိမ်ပြန်လာတော့ မယားငယ်ပါ ခေါ်လာသတဲ့။ နှစ်ယောက်ပေါင်းမယ်လို့ လင်းလင်းခိုင်က ပြောသတဲ့။ အလုပ်မရှိတော့ အလုပ်ပါရှာပေးဖို့ လုပ်တာတဲ့ဗျ။ အဲ့ဒါကို သူ့ကိုရောင်းစားဖို့ လုပ်တာပါဆိုပြီး ဖွတာတဲ့ဗျ။ ပြီးတော့ အခုလို အမှုတွေ ဖြစ်လာတာတဲ့။

**တုတ်ထိုး** - ရှုပ်ကိုနေတာပဲ။ လင်းလင်းခိုင်ကို သနားလိုက်၊ ဖိုးထောင်ကို သနားလိုက်နဲ့။ အာရုံတောင် နောက်လာပါပြီ။
**အိုးပေါက်** - ဘယ်ဘက်က အမှန်ဆိုတာ စောင့်ကြည့်ရတော့မှာပဲ။ မယားကြီးပြောပုံအရဆိုရင် ဒီအမှုဟာ လိမ်ဆင်ကြီးပေါ့။

**တုတ်ထိုး** - ကိုင်း အမှန်တရား အမြန်ပေါ်ပါစေဗျာ။
**အိုးပေါက်** - ကိုလှရွှေတို့လည်း ကျန်းမာချမ်းသာကြပါစေ။ ပြည်သူချစ်သော ရဲများ ဖြစ်ကြပါစေကြောင်းဗျာ။

**တုတ်ထိုး** - လွန်တာရှိ ဝန္ဒာမိပါခင်ဗျား။ ။

မြစ်ကြီးနားသတင်းဂျာနယ်
(အောက်တိုဘာ ၁ ၊၂၀၁၈)

# စည်သူမောင်မောင်ကျော်နှင့်ဆုတော်ငွေများ

အင်ခိုင်ဘွမ်

စည်သူမောင်မောင်ကျော်သည် ရတု၊ ရကန်၊ အဲ၊ အန်၊ သာချင်း၊ ဆုတောင်းစာ၊ ပျို့၊ ကဗျာလင်္ကာ၊ ချေင်း၊ မော်ကွန်း၊ လူးတား စသော မြန်မာစာပေကို အထူးလိုက်စားခဲ့သူ ပညာရှိတစ်ဦးဖြစ်သည်။ ငယ်စဉ်ကိုးနှစ်အရွယ်အထိ နန်းတွင်းတွင် ဝင်ထွက်နေထိုင်ခဲ့သူ ဖြစ်သည်။ အင်္ဂလိပ်များ မန္တလေးနန်းတွင်းကိုသိမ်းစဉ်က ပေ၊ ပုရပိုက်များကို ဆယ်ရက်ခန့် မီးပုံရှို့သည်ကိုလည်း မြင်တွေ့ခဲ့ရသူဖြစ်သည်။ ထို့ကြောင့်လည်း နောင်တွင် စရိတ်ကုန်၊ လူပန်းခံကာ ရှေးဟောင်းစာပေများကို ရှာဖွေစုဆောင်းခဲ့ခြင်းဖြစ်သည်။

ကုန်းဘောင်ခေတ်ဦးကဟု ယူဆရသော ရှေးဟောင်းပုရပိုက်တစ်ဆူတွင် "အရပ်ရပ် အမျိုးမျိုးတို့၏ မူလဘာသာစကားအခေါ်အဝေါ်ကို မြန်မာစကားနှင့်သိအောင် ပြန်ဆိုချက်စကားစုဘုရား" ဟူသော စာများတွေ့ရှိရာ ဘာသာ ၂၄ မျိုးနှင့် စကားပေါင်း ၂၁၆ မျိုး ဖော်ပြထားသည်ကို တွေ့ရှိခဲ့ကြရသည်။ ထိုထဲတွင် ကချင်သိန်းဖောစကားလည်းအပါအဝင်ဖြစ်သည်။ နောက်ပိုင်း ကချင်တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကားကို လေ့လာခဲ့ကြသူများမှာ အနောက်နိုင်ငံသားများသာ များခဲ့သည်။ ၁၈၃၉ ခုနှစ်က ဂျိန်းဖောစာကို သာသနာပြုဆရာကြီး ဘရောင်းဆန်က ရောမအက္ခရာဖြင့်တစ်ကြိမ်၊ ၁၈၇၃ ခုနှစ်တွင် ကရင်တိုင်းရင်းသားမွေးဆရာကြီးဦးမာဆောင်က မြန်မာအက္ခရာဖြင့် တစ်ကြိမ်၊ ဦးမာဆောင်၏ ကြိုးပမ်းချက်ကို အခြေပြုလျက် ၁၈၇၆ ခုနှစ်တွင် အမေရိကန်သာသနာပြုဆရာကြီးကူရှင်က တစ်ကြိမ် ကြိုးပမ်းခဲ့ကြသည်။ ယင်းကိုပင် ဆက်လက်၍ ၁၈၇၉ ခုနှစ်တွင် အမေရိကန်သာသနာပြု မစ္စတာရောဘတ်ကလည်းကောင်း၊ ၁၈၉၃ ခုနှစ်တွင် သာသနာပြုဆရာကြီးဟင်ဆန်ကလည်းကောင်း အသုံးပြုကြိုးစားခဲ့သော်လည်း အင်္ဂလိပ်အုပ်ချုပ်ရေးပိုင်းက အသိအမှတ်မပြုခဲ့သဖြင့် မြန်မာအက္ခရာဖြင့် တီထွင်သော ဂျိန်းဖောဘာသာစာပေသည် နိဂုံးချုပ်ခဲ့ရသည်။

သို့သော် ဆရာဟန်ဆင်သည် ၁၈၃၉ ခုနှစ်က ဆရာဘရောင်းဆန် ပြုစုခဲ့သော ရောမအက္ခရာနှင့် ဂျိန်းဖောစာပေကိုပြင်ဆင်မွမ်းမံပြီး တီထွင်ပြုစုပြန်ရာ ဒေသဆိုင်ရာ ဗြိတိသျှအစိုးရက အသိအမှတ်ပြုသဖြင့် အောင်မြင်ထမြောက်ခဲ့လေသည်။ အင်္ဂလိပ်တို့သည်လည်း မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးနောက် ၎င်းတို့၏ အုပ်ချုပ်ရေးအတွက် အရေးတကြီးလိုအပ်သော အမှုထမ်းများကို တိုင်းရင်းသားဘာသာစာကို သင်ကြားရန် အားပေးခဲ့ကြသည်။ ထိုစဉ်က စည်သူမောင်မောင်ကျော်သည် မန္တလေး ဆရာမှတ်ကျောင်း၊ ရန်ကုန်စိန့်ဂျွန်းကောလိပ်တို့တွင် ပညာသင်ကြားပြီးနောက် အင်္ဂလိပ်အစိုးရအမှုထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ မန္တလေး ဝန်ရှင်တော်မင်းကြီးရုံး(တိုင်းမင်းကြီး)၊ မန္တလေးအရေးပိုင်ရုံး၊ သစ်တောဌာန၊ ဂန့်ဂေါနယ်ပိုင်ရုံး၊ မန္တလေး-မေမြို့ သစ်တောမင်းကြီးရုံးများတွင် စာရေးအဖြစ် အမှုထမ်းခဲ့သည်။

ထို့နောက် ၁၉၀၀ ပြည့်နှစ်တွင် မြန်မာပြည် သစ်တောကျောင်း၌ တောအုပ် ပဥ္စမအဆင့်နှင့် နှစ်နှစ်တက်ရောက်ခဲ့သည်။ ထိုကျောင်းမှ အထက်တန်းအောင် လက်မှတ်နှင့် အစိုးရပေးသော ဆုတံဆိပ်များ ရရှိခဲ့သည်။ အမြို့မြို့အနယ်နယ်တွင် သစ်တောအုပ်အဖြစ် အမှုထမ်းခဲ့ရာ မြစ်ကြီးနားမြို့လည်း အပါအဝင်ဖြစ်သည်။ အင်္ဂလိပ်အစိုးရကတိုင်းရင်းသားဘာသာ စကားသင်ကြားရန် အားပေးချိန်တွင် စည်သူမောင်မောင်ကျော်မှာ ကချင်ပြည်နယ်တွင်သစ်တောအုပ်အဖြစ် တာဝန်ထမ်းဆောင်နေချိန် ဖြစ်သည်။ ၁၉၁၁ ခုနှစ်၊ ဂျိန်းဖော့ကချင်ဘာသာစာမေးပွဲကို စည်သူမောင်မောင်ကျော် ဝင်ရောက်ဖြေဆိုရာ အောင်မြင်ခဲ့သည်။ ထိုသို့အောင်မြင်သဖြင့် ဆုတော်ငွေ ၅၀၀ ကျပ်လည်းရရှိခဲ့သည်။ ထို့နောက် အောင်မြင်ရုံသာမက ဂျိန်းဖောကချင်ဘာသာစာမေးပွဲ ပုစ္ဆာထုတ်စာစစ်ဆရာအဖြစ်လည်း ၄ ကြိမ်အထိ တာဝန်ယူခဲ့ရာ ဆုငွေ ၂၀၀ ရခဲ့လေသည်။ စည်သူမောင်မောင်ကျော်၏ဆုတော်ငွေများသည် ဂျိန်းဖော့ကချင်ဘာသာစကားတိုးတက်မှုဖြစ်စဉ်နှင့် အင်္ဂလိပ်တို့၏အုပ်ချုပ်ရေးစနစ်အကြောင်း တစေ့တစောင်းကို ဖော်ပြနေသည်ဟု ယူဆမိပေသည်။

ရည်ညွှန်း - မြန်မာဘာသာစာပေနှင့် တိုင်းရင်းသားဘာသာလေ့လာမှု (ဦးမောင်မောင်တင်-မဟာဝိဇ္ဇာ)
အမှတ်တရ ပုဂ္ဂိုလ်များ (ဦးမောင်မောင်တင် - မဟာဝိဇ္ဇာ)
မြန်မာစာပေအဘိဓာန် (မလိခ)



# ပြည်နယ်လွှတ်တော်ဝင်းအတွင်း စာကြည့်တိုက်နှင့် မော်ကွန်းတိုက်များ ဆောင်ရွက်မည့် အဆောက်အဦးသစ် တည်ဆောက်ဖွင့်လှစ်

မြစ်ကြီးနား၊ စက်တင်ဘာ ၂၇

ကချင်ပြည်နယ် လွှတ်တော်ရုံးဝင်းအတွင်း စာကြည့်တိုက်နှင့် မော်ကွန်းတိုက် ပြုလုပ်နိုင်မည့် အဆောက်အဦးအသစ်ကို စက်တင်ဘာလ ၂၇ ရက်နေ့တွင် ဖွင့်လှစ်လိုက်သည်။

ထို အဆောက်အဦကို ၂၀၁၇ - ၁၈ ဘဏ္ဍာနှစ် လွှတ်တော်ရန်ပုံငွေဖြင့် မနောဇရာ ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူတည်ဆောက်ပြီး၊ ရန်ပုံငွေကျပ် ၂၇၁ သန်း ကုန်ကျကြောင်း ကချင်ပြည်နယ် လွှတ်တော်ရုံးမှ သတင်းထုတ်ပြန်ကြေညာထားသည်။


ဓာတ်ပုံ - Kachin Iprd

ယခုဖွင့်လှစ်လိုက်သည့် အဆောက်အဦးသစ်တွင် ရုံးအဖွဲ့သားများ၏ အခန်းများ၊ ဧည့်ခန်းမ၊ စာကြည့်တိုက်နှင့် မှတ်တမ်းထိန်းသိမ်းရေးခန်းမ၊ကိုယ်စားလှယ်တော်များ၏ စာဖတ်ခန်းများ ပါဝင်သည်ဟု သိရသည်။

ထို အဆောက်အဦးကို ကချင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ဒုတိယဥက္ကဋ္ဌ ဦးဒိန်ခန်ဖုန် (ခ) ဦးခန်လင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးနော်လီ(ခ) ဦးဇခေါင်ရယ်တို့မှ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ဆိုင်း(ကချင်မြေ)

ဝန်ထမ်းအမြန်အလိုရှိသည်
Admin& Finance Manager(1)post
(Female / Male)
အသက် ၃၀ အထက် ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံ (၃) နှစ်
ဆက်သွယ်ရန်
GD - 17၊ စီတာပူရပ်ကွက်၊ မြစ်ကြီးနားမြို့
၀၇၄ – ၂၅၂၃၇၀၈၊ ၀၉ – ၂၅၉၁၃၇၈၄၇၊ ၀၉ – ၂၅၅၁၁၆၆၈၈
Email.myathtike@digicom-asia.com/
winnilatt@digicom-asia.com



# ဆမားဒေသမှ စစ်ဘေးတိမ်းရှောင်နေသူတို့၏ မြေများကို ၁၇ ဦးကော်မတီဖွဲ့ပြီး ထိန်းသိမ်း

မြစ်ကြီးနား၊ စက်တင်ဘာ ၂၇

စစ်ရှောင်များ၏ နယ်မြေများထဲတွင် မည်သည့်ကုမ္ပဏီ၊ အဖွဲ့အစည်းမျှ ဝင်ရောက်ခွင့်မရှိစေရန် ဆမားဒေသတွင်စစ်ရှောင်နယ်မြေထိန်းသိမ်းရေးကော်မတီဖွဲ့ကာ ဒေသခံများက နယ်မြေကာကွယ်ရေး ပြုလုပ်နေကြောင်း သိရသည်။

အဓိကအားဖြင့် ဆမားဒေသတွင်ရှိသော ပြည်သူများသည် စစ်ရှောင်နေကြသည့်အချိန်ဖြစ်သည့်အတွက် စစ်ရှောင်နေသည့်ဒေသခံများ၏ မြေယာများကို ဒေသခံများ မကာကွယ်လျှင် ငွေရှင်၊ ကြေးရှင်များ၊ ကုမ္ပဏီလုပ်ငန်းရှင်များ၊ အာဏာရှိသူများနှင့် နှစ်ဖက်သောအစိုးရများက နည်းလမ်းပေါင်းစုံသုံးပြီး လုယူသွားမည်ကို စိုးရိမ်နေကြခြင်းဖြစ်သည်။

"ပိုက်ဆံအနည်းငယ်နဲ့ ဝင်ရောက်လာတာမျိုးတွေ ရှိနေတယ်။ စစ်ရှောင်တွေက ခက်ခဲနေတဲ့အချိန်ဆိုတော့ ရေရှည်ကိုမကြည့်ဘဲ ခြံတွေကို ငှားလိုက်တာမျိုးတွေ၊ မြေပျက်စီးသွားမှာကိုလည်း မစဉ်းစားဘဲ အခက်အခဲဖြေရှင်းဖို့ ပိုက်ဆံနည်းနည်းနဲ့ ငှားလိုက်တာမျိုးတွေ ရှိနေကြတယ်။ ဒါတွေမရှိအောင်လို့ ကျွန်တော်တို့ကော်မတီက ကာကွယ်မှုတွေပြုလုပ်နေတာ ဖြစ်ပါတယ်"ဟု ဆမားဒေသ စစ်ရှောင်နယ်မြေ ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌဦးနော်ဘောက်က ပြောသည်။

ကော်မတီဖွဲ့စည်းခဲ့သည်မှ တစ်နှစ်ပြည့်ပြီ ဖြစ်သည့်အတွက် ဒေသခံများ နားလည်သဘောပေါက်မှုကို သိရှိရန်နှင့် ရှေ့ဆက်ပြီး မည်သို့လုပ်ဆောင်သွားမည့်အစီအမံများကို လူငယ်များနှင့် ဘာသာရေးအဖွဲ့တို့က မည်သို့သဘောပေါက်နားလည်းပြီး မည်သို့ ရှုမြင်ကြောင်းကို စက်တင်ဘာလ ၂၂ ရက်က ဆမားပြည်သူ ၄၀၀ကျော်နှင့် ဆွေးနွေးတိုင်ပင်ခဲ့ကြကြောင်း သိရသည်။

နှစ်ဖက်သော အစိုးရကို တောင်းဆိုလိုသည့်အချက်မှာ စစ်ရှောင်နေသည့်သူများ မိမိဒေသတို့ ပြန်လည်ရောက်နိုင်ခြင်းမရှိသရွေ့ မည်သည့်အဖွဲ့အစည်း၊ အာဏာပိုင်၊ ကုမ္ပဏီများမှ ပေးဝင်ခြင်းမပြုရန်နှင့် စစ်ရှောင်များ ရောက်ရှိလာခြင်းမရှိသရွေ့ မည်သည့်နည်းလမ်းဖြင့် ဝင်လာပါစေ ဒေသခံများအားလုံး စည်းလုံးညီညွတ်စွာ ပူးပေါင်းပြီး ကာကွယ်သွားကြမည်ဟု ဆိုသည်။

"ဒီမြေက ကျွန်တော်တို့ရဲ့ မြေတွေဖြစ်တဲ့အတွက် ကျွန်တော်တို့ဒေသခံတွေကိုယ်တိုင် ကာကွယ်ကြရမှာ ဖြစ်တယ်။ ကျွန်ုပ်တို့ကိုယ်တိုင် ပြန်နေထိုင် လုပ်ကိုင်စားသောက်ရမယ့် မြေတွေဖြစ်လို့ ဘယ်သူ့ကိုမှ မငှားပေးကြပါနဲ့လို့ တောင်းဆိုချင်ပါတယ်"ဟု ဦးနော်ဘောက်ကပြောသည်။

အဆိုပါ ဆမားဒေသ နယ်မြေသည် အောင်မြေ ၁ ကျေးရွာမှ နမ်ဆန်ယန်ကျေးရွာအထိဖြစ်ပြီး စစ်ရှောင်နေသည့် ဆမားဒေသခံများ၏ မြေများ မဆုံးရှုံးရန် ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၁၆ ရက်မှစပြီး လူမျိုး၊ ဘာသာဂိုဏ်းပေါင်းစုံမှ ပူးပေါင်းပြီး ၁၇ ဦးကော်မတီမှ ဦးဆောင်ကာ ဖွဲ့စည်းစောင့်ရှောက်နေကြောင်း သိရသည်။

မွန်းမွန်းပန်




# ဝိုင်းမော်မြို့နယ်မှ ရွာသုံးရွာအတွက် အစုအဖွဲ့ပိုင်သစ်တောလုပ်ကိုင်ခွင့်များ ချထား

မြစ်ကြီးနား၊ စက်တင်ဘာ ၂၈

ဝိုင်းမော်မြို့နယ်ရှိ ရွာသုံးရွာအတွက် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော(CF)လုပ်ငန်းဆောင်ရွက်ခွင့် လက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာလ ၂၈ ရက်က ဝိုင်းမော်မြို့တွင် ပြုလုပ်ခဲ့သည်။

အဆိုပါ လုပ်ကိုင်ခွင့်ရသည့်ကျေးရွာသုံးရွာမှာ နောင်စီပေါကျေးရွာအတွက် ၇၆၉ ဧက၊ အောင်မြေ ၂ ကျေးရွာအတွက် ၁၀၀၀ ဧက နှင့် ဒွမ်ဘော်ယန်ကျေးရွာအတွက် ၂၃၀၀ ဧကတို့ ဖြစ်သည်။

"သစ်တောကိုပဲမှီခိုပြီး နေတဲ့သူတွေဖြစ်တဲ့အတွက် သစ်တောမရှိရင် ဒေသခံတောင်သူတွေ အသက်ရှင်နေထိုင်ဖို့ တောင်မဖြစ်နိုင်ပါဘူး။ လုပ်ပိုင်ခွင့်ပေးတဲ့အတွက် အရမ်းကျေးဇူးတင်ပါတယ်"ဟု ဒွမ်ဘော်ယန်ကျေးရွာမှ တောင်သူ ဦးဗဟာဒူးက ပြောသည်။

လက်မှတ်ရရှိမှသာလျှင် တောင်သူများသည် မိမိတို့ မိသားစု စားဝတ်နေရေးအဆင်ပြေစေမည်ဖြစ်ပြီး သစ်တောအတွင်း ဝင်ရောက်လာသည့် ကုမ္ပဏီများသာမက ရန်မျိုးစုံမှလည်း ကာကွယ်လာခွင့်ရရှိမည်ဟု ဆိုသည်။

လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်နိုင်မှသာလျှင် နိုင်ငံတော်လည်း ဖွံ့ဖြိုးတိုးတက်နိုင်မည် ဖြစ်သည့်အတွက် နိုင်ငံသားတိုင်းလည်း နိုင်ငံတော်ကို ကူညီရမည်ဖြစ်ကြောင်းနှင့် အများပြည်သူပိုင်ပစ္စည်းများကိုလည်း ကာကွယ်စောင့်ရှောက် ရမည်ဖြစ်သည့်အတွက် ဒေသခံပြည်သူများလည်း သစ်တောများကို ကာကွယ်စောင့်ရှောက်ရမည်ဖြစ်ကြောင်း သစ်တောဦးစီးဌာနမှ မြစ်ကြီးနားခရိုင်လက်ထောက်ညွှန်ကြားရေးမှူးက ပြောသည်။

"ဒီအတိုင်း ပေးလိုက်တာ မဟုတ်ပါဘူး။ ကွင်းဆင်းစစ်ဆေးပြီးတော့ ပေးလို့ရတဲ့နေရာဟုတ်မဟုတ်ဆိုတာ ဆုံးဖြတ်ပြီးတော့ ဒေသခံများကို လက်မှတ်ချပေးရတာ ဖြစ်ပါတယ်။ လက်မှတ်ချပေးပြီးလည်း အုပ်ချုပ်လုပ်ကိုင်မှုအတိုင်း ဆောင်ရွက်ရမှာ ဖြစ်ပါတယ်"ဟု မြစ်ကြီးနားခရိုင် လက်ထောက်ညွှန်ကြားရေးမှူးဦးရန်နိုင်လင်းက ပြောသည်။

ယင်းလက်မှတ် ရရှိထားသည့် (CF)အဖွဲ့သည် နှစ် ၃၀ အထိလုပ်ကိုင်ခွင့်ရရှိမည်ဖြစ်ပြီး သစ်တောလုပ်ကိုင်နေစဉ်အတွင်း ၂၀၁၆ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် CF (Community Forest) ဥပဒေတွင် ပါရှိသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ပြီး ထိန်းသိမ်းသွားမည် ဖြစ်ကြောင်းလည်း ဒေသခံတောင်သူများက ပြောသည်။



မွန်းမွန်းပန် ၊ Ah Je

# ပြည်နယ်တွင်းရှိ မသန်စွမ်းများ လူ့အခွင့်အရေး အပြည့်အဝရရှိစေရန် ရည်ရွယ်၍ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

စက်တင်ဘာ ၂၅

မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်က ကချင်ပြည်နယ်ရှိ မသန်စွမ်းသူများ၏ နိုင်ငံသားအခွင့်အရေးနှင့် မသန်စွမ်းသူများ၏ လူ့အခွင့်အရေးများရရှိမှု ပိုမိုသေချာစေရန်ရည်ရွယ်၍"လူမှုအသိုက်အဝန်းအတွင်း အကျုံးဝင်နိုင်မှုမြင့်တင်ရေး" အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာလ ၂၅ ရက်က မြစ်ကြီးနားမျက်မမြင်ကျောင်းတွင် ပြုလုပ်ခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ကချင်ပြည်နယ် မသန်စွမ်းသူများအသင်းကို ဥပဒေနှင့်အညီ ဖွဲ့စည်းနိုင်ရန် ဧပြီလ ၁၀ ရက်မှ ၁၁ ရက်က ပထမအကြိမ်ဆွေးနွေးခဲ့သည့်ဖွဲ့စည်းပုံစည်းမျဉ်းများကို ချပြသွားမည်ဖြစ်ကြောင်း သိရသည်။

"ဖွဲ့စည်းပုံစည်းမျဉ်းတွေရှိပြီဆိုမှ အသင်းဖွဲ့ရအောင်လုပ်သွားမှာဖြစ်ပါတယ်။ ပထမအကြိမ်တုန်းက ကချင်ပြည်နယ်အတွင်းက မသန်စွမ်းတွေ ကြုံတွေ့နေရတဲ့ စိန်ခေါ်မှု၊ အခက်အခဲ၊ လိုအပ်ချက်တွေကိုတင်ပြခိုင်းခဲ့ပါတယ်။ အဲဒီက ရလဒ်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း မူကြမ်းကို ချပြပြီး ကချင်ပြည်နယ်မသန်စွမ်းသူများအသင်းဖွဲ့ဖို့ ဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်ဥက္ကဋ္ဌ ဦးအောင်ကိုမြင့်က ပြောသည်။

၂၀၁၅ ခုနှစ်က အတည်ပြုထားသည့် မသန်စွမ်းဥပဒေ၊ နည်းဥပဒေများနှင့် အညီ ၂၀၁၈ - ၁၉ ခုနှစ် တွင် ကချင်ပြည်နယ် မသန်စွမ်းအသင်း ဖွဲ့စည်းရန် သဘောတူထားပြီးဖြစ်ကြောင်း သိရသည်။

ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို ယခုနှစ် ဧပြီလ ၁၀ ရက်နှင့် ၁၁ ရက်ကပြုလုပ်ခဲ့ပြီး ယခုကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသည် ဒုတိယအကြိမ်ဖြစ်ကြောင်း၊ တတိယအကြိမ်ကို ၂၀၁၉ ခုနှစ်အတွင်း ပြုလုပ်ရန်ရာထားကြောင်း၊ တတိယအကြိမ် ဆွေးနွေးပွဲပြီးပါက ကချင်ပြည်နယ်မသန်စွမ်းအသင်းကို အပြီးဖွဲ့စည်းနိုင်ရန် လုပ်ဆောင်သွားမည်ဟု သိရသည်။

"နိုင်ငံသား မသန်စွမ်းသူတွေ၊ အထူးသဖြင့် ဒီလိုပြည်နယ်မှာနေထိုင်တဲ့ မသန်စွမ်းတွေက ရင်ဆိုင်ရတဲ့ စိန်ခေါ်မှုများပါတယ်။ ဒါကြောင့် အာဏာပိုင်တွေနဲ့ သန်စွမ်းသူတွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေအားလုံး စာနာနားလည်ပေးကြပါ"ဟု ဥက္ကဋ္ဌဦးအောင်ကိုမြင့်က ပြောသည်။

ကချင်ပြည်နယ် အတွင်း ကိုယ်အင်္ဂါမသန်စွမ်းသူ ၁၈၄၂ ဦး၊ အကြားအာရုံချို့တဲ့သူ ၆၆၆ ဦး၊ အမြင်ချို့တဲ့သူ ၄၃၄ ဦး၊ ဉာဏ်ရည်မမီသူ ၆၅၆ ဦးခန့်ရှိကြောင်း ကချင်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနမှ ၂၀၁၈ ခုနှစ်ဇူလိုင်လက ကောက်ထားသည့် စာရင်းအရ သိရသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် နားမကြားကျောင်းမှ မသန်စွမ်းများ၊ ကချင်ပြည်နယ်ကိုယ်အင်္ဂါမသန်စွမ်းအဖွဲ့မှ မသန်စွမ်းများ၊ မျက်မမြင်ကျောင်းမှမသန်စွမ်းများ စုစုပေါင်း ၄၈ ဦးပါဝင် တက်ရောက်ဆွေးနွေးခဲ့ကြသည်။

မွန်းမွန်းပန်

# မချမ်းဘော–နောင်မွန် ကားလမ်းပေါ်ရှိ တံတားများ သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီမှုမရှိဟု လွှတ်တော်တွင် ပြည်ခိုင်ဖြိုးအမတ် ဦးချန်တန်ခင်က ကြယ်ပွင့်ပြ မေးခွန်းမေး

မြစ်ကြီးနား၊ စက်တင်ဘာ ၂၈

နောင်မွန်မြို့နယ်၊ မချမ်းဘော - ဖရုခ - နောင်မွန်း ကားလမ်းပိုင်းရှိ လမ်း၊တံတားများကို သတ်မှတ်စံချိန်စံနှုန်းအတိုင်းဆောင်ရွက်မှုမရှိဟုဆိုကာ နောင်မွန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးချန်တန်ခင် ကြည်ပွင့်ပြမေးခွန်းမေးမြန်းခဲ့သည်။

စက်တင်ဘာလ ၂၈ ရက်နေ့တွင်ပြုလုပ်ခဲ့သည့် ဒုတိယအကြိမ် ကချင်ပြည်နယ် လွှတ်တော် ၁၃ ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)တွင် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခဲ့ခြင်း ဖြစ်သည်။

"အဓိက ဆွေးနွေးတာက မချမ်းဘော - ဖရုခ - နောင်မွန် ကားလမ်းအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ ဘီလီယံချီအသုံးပြုခဲ့တယ်။ သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း အပြီးဆောင်ရွက်ရမှာဖြစ်သော်လည်း တချို့ကုမ္ပဏီများက ပြီးစီးမှုမရှိဘဲ စာချုပ်ပါစံချိန်စံနှုန်းအတိုင်း ဆောင်ရွက်မှုမရှိသည့်အတွက် တချို့လမ်းတံတားများသည်တစ်နှစ်မပြည့်ခင် ပျက်စီးတာတွေ့ရပါတယ်"ဟု ဦးချန်တန်ခင်က ပြောသည်။

လမ်း၊ တံတားဆောင်ရွက်နေသော လုပ်ငန်းအချို့တွင် အင်ဂျင်နီယာမှ တာန်ယူဆောင်ရွက်ခြင်းမျိုးမရှိဘဲ သာမန်အလုပ်သမားက ဆောင်ရွက်နေမှုများလည်း တွေ့မြင်ရကြောင်း ၎င်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"စာချုပ်ပါအတိုင်း လိုက်နာဆောင်ရွက်တဲ့ ကုမ္ပဏီတွေရှိသလို လိုက်နာခြင်းမရှိတဲ့ ကုမ္ပဏီတွေရှိနေတယ်။ ပြည်သူ့ဘဏ္ဍာငွေ ဖြစ်တဲ့အတွက် သတ်မှတ်စာချုပ်ပါအတိုင်း ဆောင်ရွက်မှုမရှိတဲ့ ကုမ္ပဏီတွေကို ဘယ်လိုဆောင်ရွက်မလဲလို့မေးတာပါ။တချို့ကုမ္ပဏီတွေက လူအရင်းအမြစ် စက်ယန္တရားပြည်စုံစွာမရှိဘဲ လုပ်ငန်းတင်ဒါအများကြီး ရယူနေကြလို့ အချိန်မီမပြီးတာတွေ အရည်အသွေးမမီတာတွေဖြစ်ပါတယ်"ဟု ဦးချန်တန်ခင်က ပြောသည်။

ထို့အပြင် မိုးတွင်းကာလသည် ကတ္တရာလမ်းခင်းရန် မသင့်သည့် ကာလဖြစ်ကြောင်း၊ဘဏ္ဍာငွေဥပဒေအရ စာချုပ်ကို အတိအကျလိုက်နာပြီး ပြည်သူနစ်နာမှုရှိပါက တာဝန်ခံထားသည့်ဌာနနှင့် လက်ခံဆောင်ရွက်သည့်အဖွဲ့က စာချုပ်ပါအတိုင်း၅နှစ်တာဝန်ခံရမည်ဖြစ်သည်ဟုလည်း ၎င်းက ထပ်မံပြောဆိုသည်။

ဦးချန်တန်ခင်က မေးခွန်းမေးမြန်းရာတွင် သတ်မှတ်ဘဏ္ဍာနှစ်အတွင်း အချိန်မီမပြီးစီးသည့် ကုမ္ပဏီအရေအတွက်၊ ကုမ္ပဏီအမည်၊ အချိန်မီမပြီးသည့်အတွက် မည်သည့်ကာလအထိ သက်တမ်းတိုးပေးထားကြောင်း စသည့်မေးခွန်းများအပြင် ဆောင်ရွက်ခွင့်ရသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများအနေဖြင့် တင်ဒါစာချုပ်ပါအတိုင်း အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ခဲ့ခြင်း ရှိမရှိ၊ ရှိပါက အရည်အသွေးစစ်ဆေးရေးအဖွဲ့မှ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ထားကြောင်း ထောက်ခံပေးသည့်ရက်စွဲနှင့် အထောက်အထားသိလိုကြောင်း တင်ဒါစာချုပ်ပါအတိုင်း အရည်အသွေးပြည့်မီစွာ ဆောင်ရွက်မှုမရှိသည့် ကုမ္ပဏီ ရှိ-မရှိ၊ ရှိပါက မည်ကဲ့သို့ အရေးယူဆောင်ရွက်ပါမည် စသည့်မေးခွန်းတို့ကို မေးမြန်းခဲ့ခြင်း ဖြစ်သည်။


ဓာတ်ပုံ - ဦး ချန်ထန်းခင်

အဆိုပါ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၏ မေးခွန်းနှင့် စပ်လျဉ်း၍ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုဝန်ကြီးက အဆိုပါလမ်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းဆောင်ရွက်ရန် တင်ဒါအောင်မြင်သည့် ကုမ္ပဏီ ဆယ်ခုရှိကြောင်း၊ ကုမ္ပဏီတစ်ခုမှအပ ကျန် ကုမ္ပဏီများသည် သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ခဲ့ကြောင်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့အပြင် ကုမ္ပဏီများအနေဖြင့် ၎င်းတို့တာဝန်ယူဆောင်ရွက်ရမည့် လမ်းတံတားလုပ်ငန်းများကို တင်ဒါစာချုပ်ပါ စည်းကမ်းအတိုင်း ဆောင်ရွက်ခဲ့ကြောင်းနှင့် မြို့နယ်တည်ဆောက်ရေး လုပ်ငန်းအရည်အသွေး စစ်ဆေးရေးကော်မတီ၏ စစ်ဆေးချက်မှတ်တမ်းများတွင်လည်း သတ်မှတ်စံချိန်အတိုင်း ဆောင်ရွက်ခဲ့ကြောင်း စစ်ဆေးတင်ပြထားပါကြောင်း၊ တင်ဒါစာချုပ်ပါအတိုင်း အရည်အသွေးမပြည့်မီအောင် ဆောင်ရွက်သည့်ကုမ္ပဏီ မရှိပါကြောင်း ဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

"အခုလို Power Point ထဲမှာဖြစ်နေတဲ့အတိုင်း တကယ်လို့ဖြစ်ခဲ့လို့ရှိရင် ကျွန်တော်တို့ စာချုပ်ပါ စည်းကမ်းအတိုင်း အရေးယူ ဆောင်ရွက်သွားမယ်လို့ ပြောချင်ပါတယ်။ နောက်ပြီးလို့ရှိရင် ဒီကာလမှာ ၂၀၁၇ - ၁၈ အချိန်နောက်ကျသွားရတာကလည်း ပူတာအိုလမ်းပိုင်းမှာ လက်နက်ကိုင်ပဋိပက္ခတွေ ဖြစ်သွားပြီးတော့မှ ၃ လလောက် လုပ်နိုင်တဲ့ရာသီအချိန်က ပျက်သွားတဲ့အတွက် ခုကိစ္စကို တော်တော်လေး နှောင့်နှေးကြန့်ကြာ သွားခြင်းဖြစ်ပါတယ်။ မိုးတွင်းပိုင်းဖြစ်သွားတာပါ၊ လွှတ်တော်ကိုယ်စားလှယ် ပြောသွားသလိုပဲ မိုးတွင်းမှာတော့ ကတ္တရာတွေလောင်းလို့မရဘူး။ကုမ္ပဏီတွေအနေနဲ့ အချိန်မီမပြီးစီးရင် တင်ဒါစာချုပ်ပါအတိုင်း ဒဏ်ရိုက်ခံရမှာစိုးတဲ့အတွက် ဆက်ပြီးလုပ်လိုက်တယ်လို့ပဲ ထင်ပါတယ်။ ဒါတွေအားလုံးကို ပြန်လည်စိစစ်ပြီးမှ စည်းကမ်းအတိုင်းလုပ်ဆောင်သွားမှာဖြစ်ပါတယ်။ စည်းကမ်းအရဆိုရင် သူတို့သည် ၅ နှစ်တာဝန်ယူမှာဖြစ်ပါတယ်။ ဒါတွေ အားလုံးပြန်လည်စိစစ်ပြီးမှ ပြန်လည်ဆောင်ရွက်သွားမှာ ဖြစ်ကြောင်းဖြေကြားအပ်ပါတယ်"ဟု လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုဝန်ကြီးဌာနဝန်ကြီးဦးဝင်းညွန့်က ပြန်လည်ဖြေရှင်းပြောဆိုခဲ့သည်။

အဆိုပါမချမ်းဘော - ဖရုခ - နောင်မွန် ကားလမ်းမှာ မိုင်ပေါင်း ၆၀ ကျော်ခန့်ရှိကြောင်း သိရပြီး လွန်ခဲ့သည့် ဆယ်စုနှစ်များက ထိုလမ်းကို နွေရာသီနှင့် ဆောင်းရာသီများတွင်သာ အသုံးပြုနိုင်ခဲ့သည်။

Salai

# ဟိုပင်မြို့တွင် ဒေသခံများအတွက် ယာဉ်ထိန်းရဲများလိုအပ်နေဟုဆို

မြစ်ကြီးနား၊ စက်တင်ဘာလ ၂၇

မိုးညှင်းမြို့နယ် ဟိုပင်မြို့တွင် ယာဉ်ထိန်းရဲ တပ်ဖွဲ့ဝင်များမရှိသဖြင့် ဒေသခံပြည်သူများနှင့် ကျောင်းသူကျောင်းသားများအတွက် အခက်အခဲရှိနေကြကြောင်း သိရသည်။

ဟိုပင်မြို့အလယ်၌ မန္တလေး-မြစ်ကြီးနား ပြည်ထောင်စုကားလမ်းမကြီးက ဖြတ်သန်းလျက်တည်ရှိနေပြီး အဝေးပြေးခရီးသည်တင် ယာဉ်လိုင်းများ ဖြတ်သန်းနေမှုကြောင့် ယာဉ်အန္တရာယ်များ ဖြစ်ပွားမည်ကို စိုးရိမ်နေကြရကြောင်း သိရသည်။

"ကျမတို့ ကျောင်းအရှေ့မှာ မန္တလေး-မြစ်ကြီးနားသွား ပြည်ထောင်စုကားလမ်းမကြီး ရှိနေပါတယ်။ ကျောင်းဆင်းချိန်ဆိုရင် ကလေးတွေအတွက် ယာဉ်အန္တရာယ် စိုးရိမ်နေရပါတယ်။ ရဲစခန်းကတော့ မကြာခဏ လမ်းကြောတွေ ရှင်းပေးနေတယ်ဆိုပေမယ့် ယာဉ်ထိန်းရဲတပ်ဖွဲ့တွေအနေနဲ့ ရရှိခဲ့မယ်ဆိုရင် အချိန်ပြည့် လုပ်ဆောင်ပေးကြတာမို့ ပိုမိုကောင်းမွန်ပါတယ်။ ယာဉ်အန္တရာယ်အတွက် စိုးရိမ်စရာမလိုတော့ဘူးပေါ့"ဟု ဟိုပင်အထက ကျောင်းအုပ်ဆရာမကြီး ဒေါ်မီမီချစ်ခင်က ပြောသည်။

မိုးညှင်းခရိုင်အတွင်း မိုးညှင်း၊ မိုးကောင်း၊ နမ္မတီးမြို့တို့တွင် ယာဉ်ထိန်းရဲတပ်ဖွဲ့များ ရှိနေကြသော်လည်း အထက်တန်းကျောင်း သုံးကျောင်းနှင့် အလယ်တန်းကျောင်းများ ရှိသည့် ဟိုပင်တွင် ကျောင်းဆင်းချိန်များတွင် ယာဉ်ထိန်းရဲတပ်ဖွဲ့များ တာဝန်ချထားခြင်း မရှိကြသဖြင့် ဟိုပင်ရဲစခန်းမှရဲတပ်ဖွဲ့ဝင်များက မကြာခဏ ကူညီပေးနေကြောင်း သိရသည်။

"ကျောင်းဆင်းချိန်မှာ ကားတွေဖြတ်သန်းနေတာရှိလို့ ကျွန်တော်တို့က ပြည်သူ့ဝန်ဆောင်မှုအနေနဲ့ လမ်းကြောရှင်းပေးတယ် ဆိုပေမယ့် ယာဉ်ထိန်းရဲတပ်ဖွဲ့တွေရှိလာပြီး သူတို့အနေနဲ့ လုပ်ဆောင်ပေးရင်တော့ ပိုပြီးပြည့်စုံတာပေါ့။ ယာဉ်တွေနဲ့ပတ်သက်လာရင် သူတို့က စနစ်တကျ သင်ကြားထားတဲ့သူတွေမို့လို့ ယာဉ်ထိန်းတွေရောက်ရှိမှသာ ပိုပြီးအဆင်ပြေနိုင်ပါတယ်"ဟု ဟိုပင်နယ်မြေရဲစခန်း နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဆုဝေက ပြောသည်။

ဟိုပင်မြို့တွင် ၂၀၁၇ ခုနှစ်အတွင်း အဝေးပြေးယာဉ်မှ ကျောင်းသားတစ်ဦးကို တိုက်မိခဲ့သဖြင့် သေဆုံးမှုများရှိခဲ့ပြီး ၂၀၁၈ ခုနှစ်ဦးပိုင်းမှ ယနေ့အထိ ယာဉ်မတော်တဆမှုများကြောင့် ဟိုပင်ရဲစခန်းတွင် တိုင်တန်းသည့်အမှု ၁၃ မှုရှိကြောင်း ဟိုပင်နယ်မြေရဲစခန်းမှ သိရသည်။

ထွန်းထွန်း(မိုးညှင်း)



# ကြားဖြတ်ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ကချင်ဒီမိုကရက်တစ်ပါတီ (KDP) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ဦးအောင်ခမ်းနှင့် အင်တာဗျူး



၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ၊ ၃ ရက်နေ့တွင် မြစ်ကြီးနားမြို့နယ်အတွင်း ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၂)နေရာအတွက် ဒေသတွင်း နိုင်ငံရေးပါတီ ၄ ခု ပေါင်းစည်းထားသော ကချင်ပြည်နယ်ပါတီများကိုယ်စား ဝင်ရောက်ယှဉ်ပြိုင်မည့် ကချင်ဒီမိုကရက်တစ်ပါတီ(KDP)မှ ဦးအောင်ခမ်းနှင့် မြစ်ကြီးနားသတင်းဂျာနယ်ကတွေ့ဆုံမေးမြန်းမှုများကို ဖော်ပြပေးလိုက်ပါသည်။

**ဆရာအနေနဲ့အခုမြစ်ကြီးနားမြို့နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ် ၂ နေရာအတွက် ဝင်ရောက်အရွေးခံဖြစ်တဲ့အကြောင်းကို အရင်ဆုံးသိပါရစေ။**

ကချင်ပြည်နယ် ဒေသပါတီအနေနဲ့ ကိုယ်စားလှယ်၊ ဒီအမျိုးသားလွှတ်တော်မှာ တစ်ယောက်မှမရှိဘူး။ ကချင်လူထုရဲ့အသံလည်း ကချင်ပြည်နယ်ရဲ့ကိုယ်စားလည်း လွှတ်တော်ထဲမှာရောက်စေချင်တယ်။ ဒီမှာဖြစ်ပျက်နေတဲ့ အဖြစ်အပျက်တွေ ငြိမ်းချမ်းရေး၊ မူးယစ်ဆေးဝါး၊ အမျိုးသမီးရေးရာကဏ္ဍ၊ စစ်ရှောင်အရေး စတဲ့ကိစ္စတွေကို ဖွံ့ဖြိုးရေး ကိစ္စတွေကိုကချင်ပြည်နယ်ရဲ့ကိုယ်စား၊ ဒေသပါတီရဲ့ကိုယ်စား တင်ပြဖို့ အခွင့်အလမ်းတစ်ခု ရှိတယ်လို့ခံယူတယ်။ ဒါကြောင့် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပါတယ်။

**အခုဆိုရင် ကချင်ပါတီ ၄ ပါတီပေါင်းပြီး ဒီ ပေါင်းစည်းတဲ့အထဲမှာ ကျန်တဲ့ ပါတီသုံးခုက ဥက္ကဋ္ဌတွေကို မရွေးထုတ်ဘဲ ဆရာ့ကို ရွေးထုတ်ပြိုင်ရတဲ့အပေါ်မှာ ယုံကြည်မှုရှိလား။**

လွန်ခဲ့တဲ့ ၂၀၁၅ တုန်းကလည်း မဲကွဲခဲ့တယ်။ ဆိုတော့ ကျွန်တော်တို့ ဖြစ်ချင်တဲ့ဆန္ဒတွေကို မဖော်ဆောင်နိုင်ခဲ့ဘူး၊ ဒီတစ်ခါက်တော့ စုစုစည်းစည်းနဲ့ဖြစ်လာတော့ ကျွန်တော်တို့အားရှိတယ်။ ကချင်လူထုကလည်း ဒီဟာကို မဲပေးပါလိမ့်မယ်။ ကချင်ပြည်နယ်မှာနေထိုင်တဲ့ ပြည်သူလူထုအားလုံးကလည်း ကူညီပါလိမ့်မယ်။ မဲထည့်ပေးကြလိမ့်မယ်လိုလည်း မျှော်လင့်ပါတယ်။ ဒါကဝမ်းသာစရာတစ်ခုဖြစ်ပါတယ်။

**အရင်နှစ်တွေမှာ ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲတွေမှာ ဆရာ့အနေနဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးတာရှိလားခင်ဗျ။**

ကျွန်တော် ဆွမ်ပရာဘွမ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်မြေမှာပေါ့ ယှဉ်ပြိုင်ခဲ့ပါတယ်။ ၂၀၁၅ ရွေးကောက်ပွဲတုန်းကပေါ့။ ၂၀၁၀ မှာတော့ မယှဉ်ပြိုင်ခဲ့ပါဘူး။ အရင်တုန်းကတော့ ကချင်ဒီမိုကရက်တစ်(KDP)ပါတီအနေနဲ့ပဲ ယှဉ်ပြိုင်ခဲ့တယ်။

**အခုကတော့ ကချင်ပါတီပေါင်းပြီးထားတဲ့ ကချင်ပြည်နယ်ပါတီအနေနဲ့ ဝင်ရောက်ယှဉ်ပြိုင်ရတယ်ဆိုတော့ ဒီနှစ်ခုအပေါ်မှာ ဘယ်လိုကွာခြားမှုရှိမလဲခင်ဗျ။**

မဲဆွယ်စည်းရုံးတော့ ကျေးရွာ/ရပ်ကွက်တို့မှာ မဲဆွယ်စည်းရုံးတဲ့အချိန်မှာ တစ်သံတည်း ထွက်ပါတယ်။ ပါတီပေါင်းစည်းထားတဲ့ ပါတီက မှတ်ပုံတင်မရသေးဘူး။ ဒါကြောင့် ကချင်ဒီမိုကရက်တစ်ပါတီ(KDP)အနေနဲ့ပဲ ယှဉ်ပြိုင်တာပေါ့။ ဒါကိုအကုန်လုံးကလည်းသဘောတူတယ်၊ ဘာမှအခက်အခဲတော့ရှိမှာ မဟုတ်ဘူး။ တစ်ခုရှိတာက ဒီ ကချင်ပြည်နယ်မြစ်ကြီးနားမှာ နေထိုင်တဲ့ ပြည်သူလူထုတွေကလည်း စည်းလုံးရမယ်။ ဒီလိုပေါင်းစည်းတာက အကျိုးရှိတယ်ဆိုတဲ့ဟာကိုတော့ ကျွန်တော်ကနေ လုပ်ဆောင်ရပါလိမ့်မယ်။

**ကြားဖြတ်ရွေးကောက်ပွဲမှာ ဆရာ့အနေနဲ့ အနိုင်ရရှိခဲ့မယ်ဆိုရင် ကချင်ပြည်နယ်က ပြည်နယ်သူ/သားတွေအတွက် ဘာကိုများ ဦးစားပေးပြီးဆောင်ရွက်သွားမှာလဲ ခင်ဗျ။**

ပထမအဆင့်အနေနဲ့ စစ်မှန်တဲ့ငြိမ်းချမ်းရေးကို လုပ်ချင်တယ်၊ ဒါကို လက်နက်ကိုင်အဖွဲ့အစည်း KIO တွေနဲ့ ညှိနှိုင်းဆောင်ရွက်ချင်တယ်။ နောက်ပြီးမှ မြန်မာစစ်တပ်နဲ့ အစိုးရတွေနဲ့ ခုလက်ရှိ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့နဲ့ တွေ့ဆုံပြီးမှ ငြိမ်းချမ်းရေးကို ထဲထဲဝင်ဝင် ဆောင်ရွက်ချင်တယ်။ အဓိကဒါကိုဖြစ်တယ်။ ဒုတိယအနေနဲ့တော့ ငြိမ်းချမ်းရေးရပြီဆိုရင် စစ်ရှောင်ပုဂ္ဂိုလ်တွေအတွက် သူတို့ နေရပ်ကိုပြန်နိုင်ပြီး လွတ်လွတ်လပ်လပ် နေထိုင်ခွင့်ရရှိဖို့အတွက်ပေါ့။ ဒုတိယအချက် အနေနဲ့ကတော့ စီးပွားရေး၊ အလုပ်အကိုင်ရရှိရေး ဒါတွေကို ဖိဖိစီးစီး လုပ်ချင်တယ်။ ငြိမ်းချမ်းရေးမရရှိဘူးဆိုရင် စီးပွားရေးကတိုးတက်မှာ မဟုတ်ဘူး။ ဒါကြောင့် ငြိမ်းချမ်းရေးက အရေးကြီးတယ်။ လူနေမှုအတွက် စီးပွားရေးက ဝင်ငွေရှိမှ၊ အဆင်ပြေမှ ပညာရေး၊ ကျန်းမာရေးက မြင့်မားလာမှာကိုး။ ဒါကြောင့်မို့ ဒီနှစ်ချက်ကို ဦးစားပေးလုပ်ချင်တယ်။ နောက်ပြီး မူးယစ်ဆေးဝါး၊ အမျိုးသမီး၊ ကလေးသူငယ် စတဲ့ကဏ္ဍတွေလုပ်သွားမှာပါ။ ဒါပေမယ့် အဓိကအနေနဲ့ကတော့ အဲ့ဒီနှစ်ချက်လို လုပ်သွားမှာပါ။

**ဆရာ့အနေနဲ့ ဒီမတိုင်ခင်က နိုင်ငံရေးကဏ္ဍတွေမှာ ပါဝင်လှုပ်ရှားခဲ့လား။**

ပါဝင်ခဲ့တာကတော့ အဖေတို့၊ အဘိုးတို့ လက်ထက်ကတည်းကပေါ့။ နိုင်ငံရေးနဲ့တော့ မစိမ်းပါဘူး၊ အဖေဆိုလည်း ၁၉၉၀ ရွေးကောက်ပွဲမှာ KNCD ကနေအနိုင်ရရှိခဲ့တဲ့ ဆွမ်ပရာဘွမ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ဖြစ်တယ်။ ဒါပြီးမှ ၂၀၁၀ မှာလည်း အမေဘက်က ဦးလေး တ. စ. ည ပါတီကနေ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဖြစ်ခဲ့ဖူးတယ်။ ကျွန်တော်ကိုယ်တိုင်လည်းနိုင်ငံရေးကိုထဲထဲဝင်ဝင် လုပ်ခဲ့တယ်။ ၁၉၈၈ ကတည်းကနေ လက်ရှိအချိန်ထိ နိုင်ငံရေးကို တစ်စိုက်မတ်မတ်လုပ်ခဲ့ပါတယ်။

**အခုလာမယ့် နိုဝင်ဘာ ၃ ရက်နေ့မှာ ပြုလုပ်တော့မယ့် ကြားဖြတ်ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မယ့် ကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်တို့ မြစ်ကြီးနားသတင်းဂျာနယ်က စာဖတ်ပရိသတ်ကို ဘာများဖြည့်စွက်ပြီး ပြောလိုပါသလဲ ခင်ဗျ။**

ဒီတစ်ခါက်ကတော့ ဒေသပါတီတွေအတွက် အဓိကမဲထည့်ပေးဖို့ ကျွန်တော်မေတ္တာရပ်ခံချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တခြားပါတီတွေလည်းရှိပါတယ်၊ ဒါပေမယ့် တခြားပါတီတွေဟာ သူတို့ရွေးကောက်ကိုယ်စားလှယ်တွေအများကြီးရှိတယ်။ ဒါပြီးမှ ကျွန်တော်တို့ ဒေသပါတီတွေအနေနဲ့ အနိုင်ရရှိမယ်ဆိုရင် သူတို့နဲ့လည်း အတူတကွ လက်တွဲပြီး လုပ်နိုင်ပါတယ်။ ကချင်ပြည်နယ်ရဲ့ရေးရာမှန်သမျှ အတူလက်တွဲပြီးမှလုပ်နိုင်မယ်ဆွေးနွေးနိုင်မယ်၊ ကချင်ပြည်နယ်ရဲ့အသံကို အဓိကလုပ်နိုင်မယ်လို့ မျှော်လင့်ပါတယ်။ အဓိကကတော့ အရည်အချင်းပါပဲ။ အရည်အချင်းရှိရှိနဲ့ လုပ်သွားမယ်ဆိုရင် အကုန်လုံးအတွက် ကချင်ပြည်နယ်သူ/သား အားလုံးအတွက် အကျိုးရှိမယ်လို့ မျှော်လင့်တယ်။ ကချင်ပြည်နယ်သူ/သားအတွက်ကောင်းရာကောင်းကြောင်း၊ တိုးတက်ရာတိုးတက်ကြောင်းတွေကိုအကောင်းဆုံး လုပ်ဆောင်သွားမယ်လို့ မြစ်ကြီးနားသတင်းဂျာနယ်ကနေတစ်ဆင့် ကချင်ပြည်နယ်သူ/သားအားလုံးကို ပြောလိုပါတယ်။

# ဦးဝင်းမြင့်သမ္မတဖြစ်သွား၍ လစ်လပ်နေသည့် တာမွေမြို့နယ်မဲဆန္ဒနယ်တွင် ကချင်ပြည်နယ်မှ ဦးစီစီနော်ဂျာ သွားရောက်ယှဉ်ပြိုင်မည်




မြစ်ကြီးနား၊ စက်တင်ဘာ ၂၇

သမ္မတဖြစ်သွား၍ ဦးဝင်းမြင့်၏ လစ်လပ်နေသောနေရာတွင် ကချင်ပြည်နယ်မှ ဦးစီစီနော်ဂျာ သွားရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ အနိုင်ရကာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ တာဝန်ပေးအပ်ခြင်းခံရပြီးနောက် နိုင်ငံတော်သမ္မတအဖြစ် တင်မြှောက်ခံရသဖြင့် ဦးဝင်းမြင့်၏ လစ်လပ်နေသောနေရာတွင် ဦးစီစီနော်ဂျာသည် ပြည်ထောင်စုတိုင်းရင်းသားများ ဖက်ဒရယ် ဒီမိုကရေစီပါတီ (UNFDP)မှ ဖြစ်ပြီး ပြည်မတွင် ကချင်တိုင်းရင်းသားများ အခွင့်အရေး အတိုင်းအတာ မည်မျှရှိနေသည်ကို သိလိုသည့်အတွက် စမ်းသပ်ခံရန် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

"ပြည်မမှာ ကချင်တိုင်းရင်းသားအခွင့်အရေး ဘယ်လောက်အတိုင်းအတာ ရှိနေသလဲဆိုတာ စမ်းသပ်ခံချင်လို့နဲ့ သမ္မတရဲ့ နေရာမို့လို့ အရည်အချင်းအရ သင့်လျော်စွာ ယုံကြည်မှုအပြည့်ရှိလို့ ဝင်အရွေးခံရတာပါ"ဟု ဦးစီစီနော်ဂျာက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

အဆိုပါ သမ္မတဦးဝင်းမြင့်၏ လစ်လပ်နေရာ တာမွေမြို့နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်ရန် အမည်စာရင်း တင်သွင်းထားသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း ၈ ဦးခန့်ရှိကြောင်း သိရသည်။

၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် လစ်လပ်နေရာ ၁၃ နေရာရှိပြီး အမျိုးသားလွှတ်တော် ၁ နေရာ၊ ပြည်သူ့လွှတ်တော် ၄ နေရာ၊ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် ၇ နေရာနှင့် တိုင်းရင်းသားရေးရာဝန်ကြီး တစ်နေရာတို့ ဖြစ်သည်။

မဲဆွယ်စည်းရုံးရေးကာလမှာ ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့မှ စတင်ပြီး နိုဝင်ဘာ ၂ ရက်နေ့တွင် ရပ်နားရမည်ဖြစ်ရာ စုစုပေါင်းကာလမှာ ရက်ပေါင်း ၆၀ ဖြစ်သည်။

ယခု အစိုးရလက်ထက်တွင် ပထမအကြိမ် ကြားဖြတ်ရွေးကောက်ပွဲကို ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်နေ့တွင် ကျင်းပခဲ့ပြီး လစ်လပ်နေရာ ၁၉ နေရာတွင် ကြားဖြတ်ရွေးကောက်ပွဲကျင်းပခဲ့ကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)က ၄၇ ရာခိုင်နှုန်း (၅ နေရာ)၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD)က ၃၂ ရာခိုင်နှုန်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက ၁၁ ရာခိုင်နှုန်းတို့ဖြင့် အနိုင်ရရှိခဲ့ကြသည်။

Salai

# ပြောင်းရွှေ့သွားသည့် ဆရာ၊ဆရာမများ၏ နေရာများတွင် အစားထိုးပြန်လည်ရောက်ရှိ မလာသဖြင့် အမြန်ဆုံး အစားထိုးခန့်ထားပေးရန် ဆွမ်ပရာဘွမ်အမတ် ကြယ်ပွင့်ပြမေးခွန်းမေးမြန်း

မြစ်ကြီးနား၊ စက်တင်ဘာ ၂၈

ဆွမ်ပရာဘွမ်မြို့နယ်မှ ပြောင်းရွှေ့သွားသည့် ဆရာ ဆရာမများ၏ နေရာများ၌ အစားထိုး ဆရာ၊ဆရာမများ ပြန်လည်ရောက်ရှိမလာခြင်းနှင့်ပတ်သက်ပြီး ဆွမ်ပရာဘွမ် လွှတ်တော်ကိုယ်စားလှယ်က ပြည်နယ်လွှတ်တော်တွင် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခဲ့သည်။

ဆွမ်ပရာဘွမ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဂျေထုရော်က ဆွမ်ပရာဘွမ်မြို့နယ်အတွင်းမှ အထက်တန်းကျောင်း တစ်ကျောင်း၊ အလယ်တန်းကျောင်း တစ်ကျောင်း၊ မူလွန်တန်းကျောင်း နှစ်ကျောင်း၊ မူလတန်းကျောင်း ၁၀ ကျောင်း စုစုပေါင်း ၁၄ ကျောင်းမှ ဆရာ၊ဆရာမများသည် အကြောင်းကြောင်းကြောင့် ပြောင်းရွှေ့သွားသော်လည်း ၎င်းတို့၏နေရာတွင် လူစားပြန်လည်ရောက်ရှိလာခြင်း မရှိသဖြင့် ကျောင်းသူကျောင်းသားများ ပညာသင်ကြားရာတွင် အခက်အခဲမဖြစ်အောင် လစ်လပ်နေရာများတွင် ဆရာ၊ဆရာမများ အမြန်ဆုံးခန့်ထားပေးရန် စက်တင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပြည်နယ်လွှတ်တော်တွင် မေးမြန်းခဲ့ခြင်း ဖြစ်သည်။

ထိုသို့ ဆရာ၊ဆရာမများ ရောက်ရှိမလာသောကြောင့် ဆွမ်ပရာဘွမ်မြို့နယ်၌ ပညာရေးတွင်သာမကပဲ အစစ အရာရာ ဖွံ့ဖြိုးမှုနောက်ကျနေသည်ဟု ဒေါ်ဂျေထုရော်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

“ကလေးတွေကလေ ကျောင်းဆရာဆရာမတွေ မလုံလောက်တော့ အရမ်းဒုက္ခတွေ ဖြစ်တယ်။ နောက် အရမ်းလည်း အောက်ကျနောက်ကျ ဖြစ်နေတယ်။ အဲဒါကြောင့် ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ ဒီမြို့နယ် တစ်ပြေးညီဖွံ့ဖြိုးစည်းပို အပြည့်နဲ့ ဆရာ၊ဆရာမတွေကို ခန့်ထားစေချင်တယ်။ ကျောင်းဆရာဆရာမတွေမလုံလောက်ဘူး။ ပထမနှစ်လည်း မလုံလောက်။ နောက်နှစ်လည်း မလုံလောက်။ ဒီနှစ်လည်း နှစ်တစ်ဝက်ကျိုးတော့မယ် အခုချိန်ထိကို ဆရာတွေက မစုံမလင်ဖြစ်နေတယ်”ဟု ဒေါ်ဂျေထုရော်က ပြောသည်။

ထို ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်၏ အဖြေကို အားရကျေနပ်မှုမရှိသော်လည်း ခက်ခဲသည့်တောင်တန်းဒေသများ၌ပညာရေးဌာနများကို ဝန်ထမ်းဖွဲ့စည်းပုံနှင့်အညီ စုံစုံလင်လင် ထားရှိစေချင်သည်ဟု ဒေါ်ဂျေထုရော်က ဆက်ပြောသည်။

“ဘာပဲဖြစ်ဖြစ် မြို့နဲ့တစ်ပြေးညီ ဖြစ်စေချင်တယ်။ ဖွဲ့စည်းပုံလည်း တစ်ပြေးညီထားပေးပါ။ ဒီမှာကျတော့ ဆရာ၊ဆရာမတွေ အများကြီး။ ဟိုမှာကျတော့ ဆရာမတွေမလုံလောက်ဘူး။ အဲဒါကြောင့် ကျမကတော့ ဘာပဲဖြစ်ဖြစ်၊ ပညာရေးဌာနမှာလည်း ဆရာတွေပြည့်ပြည့်စုံစုံ၊ မြို့နဲ့တစ်ပြေးညီဖြစ်အောင်တော့ ဖွဲ့စည်းပုံအပြည့်နဲ့ ခန့်ထားပေးစေချင်တယ်”ဟု ယင်းက ဆက်ပြောသည်။

အဆိုပါ ကြယ်ပွင့်ပြမေးခွန်းကို ကချင်ပြည်နယ်အစိုးရ၊ လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က ဖြေကြားရာတွင် ၂၀၁၈ - ၁၉ ပညာသင်နှစ်တွင် အဆင့်တိုးမြှင့်သည့် ကျောင်းများအပါအဝင် အထက်တန်းကျောင်း ၁၀၇ ကျောင်းနှင့် အထကခွဲ ကျောင်းပေါင်း ၆၈ ကျောင်းအတွက် လစ်လပ်နေသောနေရာများ ခန့်ထားပေးရန် နေပြည်တော်ရှိ အခြေခံပညာရုံးချုပ်သို့ တင်ပြတောင်းခံထားပြီဖြစ်ကြောင်း၊ ခန့်ထားနိုင်ရန် ခွင့်ပြုလာပါက ခန့်ထားပေးသွားမည်ဖြစ်ကြောင်း ဖြေကြားခဲ့သည်။

ဆိုင်း(ကချင်မြေ)

# တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော ကချင်တစ်ပြည်နယ်လုံးမှ ရှမ်းတိုင်းရင်းသားများကို ပထမအကြိမ် ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ



မြစ်ကြီးနား စက်တင်ဘာ ၂၃

၂၀၁၇-၁၈ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ သုံးဘာသာဂုဏ်ထူးနှင့်အထက် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသားများကို ကချင်ပြည်နယ်အစိုးရ၊ ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီးဌာနမှကြီးမှူး၍ ဂုဏ်ပြုဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၂၃ ရက်က မြစ်ကြီးနားမြို့ ခေမာသီရိရပ်ကွက်ရှိ ရှမ်းတိုင်းရင်းသား မျိုးနွယ်စုများ ဓမ္မာရုံတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရှမ်းတိုင်းရင်းသား လူငယ်မောင်/မယ်များက “ကွမ်းစောပီနှောင့်” တေးသီချင်းကို သီဆိုဖွင့်လှစ်ခဲ့ပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်မှ အဖွင့်စကား ပြောကြားခဲ့သည်။

ဆက်လက်ပြီး ကချင်ပြည်နယ် အစိုးရအဖွဲ့ဝင် ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းစိန်လင်းက ရှမ်းတိုင်းရင်းသား/သူ၊ ကျောင်းသား/သူများအား ဂုဏ်ပြုဆုချီးမြှင့်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား/သူများကို ကချင်ပြည်နယ် ရှမ်းမျိုးနွယ်စုများ စာပေနှင့်ယဉ်ကျေးမှုဥက္ကဋ္ဌ ဦးစိုင်းမြင့်ကျော်က ဂုဏ်ပြုအမှာစကားပြောကြားခဲ့သည်။

၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း၌ သုံးဘာသာနှင့်အထက် ဂုဏ်ထူးရရှိပြီး ထူးချွန်စွာ အောင်မြင်ခဲ့သည့်ကချင်ပြည်နယ် ၁၈ မြို့နယ်မှ တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်မြင့်ခဲ့သော ဘာသာစုံဂုဏ် ထူးရှင် ၅ ဦး၊ ငါးဘာသာ ဂုဏ်ထူး ရှင် ၆ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၆ ဦးနှင့် သုံးဘာသာဂုဏ်ထူးရှင် ၃၆ ဦး စုစုပေါင်း ၆၃ ဦးကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ကချင်ပြည်နယ်အတွင်းရှိ ရှမ်းတိုင်းရင်းသားများအနက် နှစ်ဘာသာဂုဏ်ထူးရှင် ၉၂ ဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် ၄၉၆ ဦးနှင့် ရိုးရိုးအောင်မြင်သူ ၆၉၂ ဦးရှိကြောင်း သိရသည်။

ကျော်သက်ဦး

# ဒုတိယအကြိမ် ကျောင်းပေါင်းစုံစက်ဘီးစီးပြိုင်ပွဲကို မြစ်ကြီးနားမြို့တွင် ကျင်းပမည်

မြစ်ကြီးနား၊ စက်တင်ဘာ ၂၇

ဒုတိယအကြိမ်မြောက် အခြေခံပညာကျောင်းပေါင်းစုံစက်ဘီးစီးပြိုင်ပွဲကို မြစ်ကြီးနားမြို့တွင် အောက်တိုဘာလ ၇ ရက်နေ့၌ ကျင်းပသွားမည်ဖြစ်ကြောင်းပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။

အဆိုပါ ကျောင်းပေါင်းစုံစက်ဘီးစီးပြိုင်ပွဲကို ကျောင်းသူ/သားများ မူးယစ်ဆေးဝါးကင်းစင်၍ နိုင်ငံတော်၏ဂုဏ်ကိုဆောင်နိုင်သော အားကစားသမားကောင်းများ ပေါ်ထွန်းလာစေရန်ရည်ရွယ်ကာကျင်းပခြင်းဖြစ်ကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ ကာယ/ကျောင်းကျန်းမာရေး ဦးစီးအရာရှိ ဦးခင်မောင်ရီက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

“မနှစ်ကလိုပဲ စည်စည်ကားကား ကျင်းပသွားမှာပါ။ ဆုတွေကိုလည်း ထိုက်တန်သလို ချီးမြှင့်သွားပါ့မယ်။ ဒီပြိုင်ပွဲကို ယှဉ်ပြိုင်ကြမယ့် ကျောင်းသူကျောင်းသားတွေကလည်း အကောင်းဆုံး ယှဉ်ပြိုင်ပေးကြပါ”ဟု ဦးခင်မောင်ရီက ပြောသည်။

ထိုကျောင်းပေါင်းစုံ စက်ဘီးစီးပြိုင်ပွဲကို မြန်မာနိုင်ငံစက်ဘီးစီးအဖွဲ့ချုပ်နှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းလုပ်ဆောင်သည့် ပြိုင်ပွဲဖြစ်ပြီး ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့က ကြီးကြပ်သွားမည်ဖြစ်ကြောင်း ဦးခင်မောင်ရီက ဆက်ပြောသည်။

ပြိုင်ပွဲကို အမျိုးသားနှင့်အမျိုးသမီးပြိုင်ပွဲ ခွဲခြားကာ အသက်အပိုင်းအခြားအလိုက်အကြီးတန်းနှင့်အငယ်တန်း နှစ်မျိုးခွဲ ကျင်းပသွားရန်စီစဉ်ထားသည်ဟု ကာယဆရာက ပြောသည်။

ကချင်ပြည်နယ်တွင် ယခုနှစ်အတွင်း အခြေခံပညာကျောင်းပေါင်း ၁၅၅၂ ကျောင်း ဖွင့်လှစ်ထားပြီး၊ ထိုကျောင်းများတွင် KG တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသူကျောင်းသား ၃၄၅,၀၀၀ ကျော် ပညာသင်ကြားလျက်ရှိသည်။

ဆိုင်း(ကချင်မြေ)



# ပြည်နယ်အတွင်း ဆင်းရဲမွဲတေမှုလျှော့ချရေးအတွက် ဝန်ထမ်းနှင့်ပြည်သူ ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးပို့ချ

မြစ်ကြီးနား၊ စက်တင်ဘာ ၂၈

ပြည်နယ်အတွင်း ဆင်းရဲမွဲတေမှု လျှော့ချနိုင်ရေးအတွက် ဌာနဆိုင်ရာများဘက်မှ ပူးပေါင်းလုပ်ဆောင်ရာတွင် လိုအပ်သည့်ပံ့ပိုးမှုများကိုပြည်သူနှင့်ဝန်ထမ်းများ သိရှိနားလည်စေရန် ရည်ရွယ်ကာ မေတ္တာဖောင်ဒေးရှင်းက ဒုတိယအကြိမ် သင်တန်းတစ်ခုကို ပြည်နယ် သမဝါယမခန်းမတွင် ပြုလုပ်ခဲ့သည်။

ယင်း သင်တန်းတွင် ပြည်သူနှင့်ဝန်ထမ်း လက်တွဲချိတ်ဆက် ဆောင်ရွက်နိုင်မည့် နည်းလမ်းများ၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြင့်မားနိုင်မည့် နည်းလမ်းများ၊ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရရှိလာနိုင်မည့် အကျိုးကျေးဇူးများအကြောင်း တက်ရောက်လာသည့် ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းများကို ပို့ချခဲ့သည်။

"အဓိက လုပ်ရတာကတော့ အရပ်ဖက်အဖွဲ့အစည်းတွေနဲ့ အစိုးရဝန်ထမ်းတွေ ပူးပေါင်းလုပ်ဆောင်နိုင်ဖို့ပါ။ ဒီလိုပူး ပေါင်းလုပ်ဆောင်ရင် ရရှိလာမယ့် အကျိုးကျေးဇူးတွေကို နားလည်သဘောပေါက်လာပါမယ်"ဟု မေတ္တာဖောင်ဒေးရှင်းမှ စီမံကိန်းညှိနှိုင်းရေးမှူး မစုမိုင်က ပြောသည်။

ယင်းအပြင် စားသုံးသူများ၏ အခွင့်အရေး၊ စားသုံးသူပညာပေးရေး အစီအစဉ်များ၊ နိုင်ငံတကာအစိုးရများက ပူးပေါင်းလိုက်နာရန် သဘောတူထားကြသည့် အချက်အလက်များအပြင် အစိုးရ၏ အုပ်ချုပ်ရေးတာဝန်ယူမှု တာဝန်ခံမှုများတစ်ဆက်တည်း ဆွေးနွေးခဲ့သည်ဟုလည်း သိရသည်။

"ဒီလုပ်ထုံးလုပ်နည်းတွေအပေါ်မှာ ဘယ်လိုဆောင်ရွက်ရင် ကောင်းမလဲ။ ဘယ်လိုဥပဒေတွေက ကောင်းတယ်၊ မကောင်းဘူးဆိုတာတွေ သိခဲ့ရပါတယ်။ ဘယ်လိုကဏ္ဍတွေက ဖြေလျှော့ပေးရမယ် ဆိုတာလေးတွေ ချပြသွားတာကောင်းပါတယ်"ဟု ပြည်နယ်စားသုံးသူရေးရာ ဦးစီးဌာနမှ ဒုတိယပြည်နယ်ဦးစီးမှူး ဦးစန်းလွင်ဦးက ပြောသည်။

အဆိုပါသင်တန်းကို စက်တင်ဘာလ ၂၄ ရက်နေ့မှစတင်ပြီး သုံးရက်ကြာဖွင့်လှစ်ခဲ့ရာ ကျောင်းသားမိခင်အဖွဲ့အစည်းမှ ဆရာကြီး ဆလိုင်းခင်မောင်အေးနှင့် ဆရာမကြီး ဒေါ်အယ်နီသိန်းတို့က ပို့ချခဲ့သည်။

စည်သူ(မြစ်ကြီးနား)

# လူမှုဖူလုံရေးဌာနတွင် အာမခံထားရှိသည့် ဝန်ထမ်းတစ်ဦးကို နာမကျန်းဆေးကုသစရိတ် ပြန်လည်ထောက်ပံ့ပေးအပ်




မြစ်ကြီးနား၊ စက်တင်ဘာ ၂၁

ကချင်ပြည်နယ် လူမှုဖူလုံရေးအဖွဲ့တွင် အာမခံထားသည့် အလုပ်သမားတစ်ဦး၏ နာမကျန်းမှုတွင် အသုံးပြုခဲ့ရသည့် ကျန်းမာရေးဆေးကုသစရိတ်ကို ကချင်ပြည်နယ်လူမှုဖူလုံရေးအဖွဲ့မှ စက်တင်ဘာလ ၂၁ ရက်က မြစ်ကြီးနားမြို့ Hotel MADIRA တွင် ပြန်လည်ထောက်ပံ့ပေးအပ်ခဲ့သည်။

မြန်မာနိုင်ငံတွင် လူမှုဖူလုံရေးစီမံကိန်းကို ၁၉၅၄ ခုနှစ်က စတင်ခဲ့ပြီး ၁၉၅၆ ခုနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ နှစ်ပေါင်း ၆၀ ကျော်လာပြီဖြစ်ကြောင်း၊ နောက်ပိုင်းတွင် ပြန်လည်မွမ်းမံသည့် ဥပဒေကိုလည်း ဆက်လက်အကောင်အထည်ဖော်ကာ အလုပ်ရှင်နှင့်အလုပ်သမားတို့ထားသည့် အာမခံအမျိုးအစားအလိုက် ခံစားခွင့်ပေးနေကြောင်း ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးဝင်းညွန့်မှ ပြောကြားခဲ့သည်။

"ဒီ လူမှုဖူလုံရေးအဖွဲ့ဆိုတာက အလုပ်ရှင်နဲ့ အလုပ်သမားတွေအတွက် အကျိုးကျေးဇူးရရှိစေတဲ့ အဖွဲ့တစ်ဖွဲ့ဖြစ်ပြီး ၂၀၁၂ခုနှစ်က လူမှုဖူလုံရေးဥပဒေကို ၂၀၁၄ ခုနှစ် ဧပြီလ ၁ ရက်နေ့ကနေ စတင်အကောင်ထည်ဖော်ဆောင်ရွက်ခဲ့သလို အရင်ဥပဒေအဟောင်းမှာ ပါရှိတဲ့ အလုပ်ရှင်၊ အလုပ်သမား ခံစားခွင့်တွေအပြင် ဆေးကုသမှုဆက်လက်ခံယူခွင့်နဲ့ မိသားစုထောက်ပံ့မှုတွေကိုပါ ခံစားခွင့်ပေးခဲ့ပါတယ်"ဟု ဝန်ကြီးကပြောခဲ့သည်။

အခမ်းအနား၌ လူမှုဖူလုံရေးအဖွဲ့တွင် အာမခံထားရှိသည့် Hotel MADIRA မှ ဝန်ထမ်း ဒေါ်ဂျာနူးမိုင်အား နှလုံးခွဲစိတ်ကုသရာတွင် ကုန်ကျခဲ့သည့် ဆေးဖိုးငွေကျပ် ၁၇ သိန်းကျော်(၁,၇၁၃,၃၀၀ ကျပ်)ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး အခမ်းအနားသို့ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြစ်ကြီးနားမြို့ပေါ်ရှိ လုပ်ငန်းရှင်များနှင့် အလုပ်သမားကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ကျော်သက်ဦး

# Movie View

**▶ ယခုအပတ် ရော(မြစ်ကြီးနား)ရုပ်ရှင်ရုံတွင် ရုံတင်ပြသမည့် ဇာတ်ကားများ**

၂၈ - ၉ - ၂၀၁၈ မှ ၄ - ၁၀ - ၂၀၁၈ အထိ

မြန်မာရုပ်ရှင်ကို နေ့လယ် ၁၂ း ၃၀ နာရီ ၊ ည ၇ း ၀၀ နာရီ စသည့် ပွဲချိန်များတွင် - **စားပြေး**

မြန်မာရုပ်ရှင်ကို ညနေပိုင်း ၃ နာရီ ပွဲချိန်တွင် - **၂၄ နာရီ ၁ချစ်**







| အသုံးဝင်သော ဖုန်းနံပါတ်များ | |
|---|---|
| ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး | ၀၇၄-၂၂၃၆၃၊ ၂၂၄၄၄ |
| မြို့မရဲစခန်း | ၀၇၄-၂၂၆၀၄ |
| နယ်မြေရဲစခန်း | ၀၇၄-၂၂၆၀၅ |
| မူးယစ်(အထူး) | ၀၇၄-၂၀၈၉၈ |
| မှုခင်းရဲတပ်ဖွဲ့ | ၀၇၄-၂၃၉၃၇ |
| ယာဉ်ထိန်းရဲ | ၀၇၄-၂၂၃၀၈ |
| မီးသတ်တပ်ဖွဲ့ | ၀၇၄-၂၂၄၆၇ |
| လူကုန်ကူးမှုတားဆီးရေး | ၀၇၄-၂၀၈၉၈ |
| ပြည်သူ့ဆေးရုံ (ဆေးရုံအုပ်ကြီး) | ၀၇၄-၂၂၃၀၃ |

# စာအုပ်စင်ကလ္လာ

ညီထွန်းလင်း



## ပြာသောကြယ်ကို ဂုဏ်ပြုခြင်း

| | |
|---|---|
| စာရေးသူ | = မောင်ကိုကို (အမရပူရ) |
| စာအုပ်တိုက် | - လဝန်းရိပ်စာပေ |
| တန်ဖိုး | = ၃၅၀၀ ကျပ် |

ဟံသာဝတီဦးဝင်းတင်ရဲ့ ဘဝအကြောင်းကို မောင်ကိုကို(အမရပူရ)က ဝတ္ထုဇာတ်လမ်းတစ်ပုဒ်သဖွယ် ရေးသားထားခြင်းဖြစ်ပါတယ်။ ဦးဝင်းတင်ရဲ့ငယ်ဘဝကနေ သတင်းစာဆရာ၊ စာရေးဆရာဘဝ ပုံရိပ်များ၊ အနောက်နိုင်ငံမှာ ဦးဝင်းတင် သတင်းစာထုတ်ဝေခဲ့ပုံများ၊ ကြေးမုံအယ်ဒီတာအဖွဲ့ဝင် ဘဝဖြတ်သန်းမှုများ၊ ဦးနေဝင်းနဲ့ ဦးဝင်းတင်တို့ရဲ့ ဆက်ဆံရေးများ၊ ထင်ရှားကျော်ကြားသော မြန်မာစာရေး ဆရာ၊ သတင်းစာဆရာများနဲ့ ဖြတ်သန်းတွေ့ကြုံခဲ့ရမှုများ၊ ဟံသာဝတီသတင်းစာတည်ထောင်ဖြစ်ခဲ့ပုံ၊ ဦးဝင်းတင်ရဲ့သတင်းစာဆရာ ဘဝဖြတ်သန်းမှုများ၊ နိုင်ငံရေးလောကထဲ ရောက်ရှိလာခဲ့ပုံ၊ ဦးဝင်းတင်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ ဆက်ဆံရေး၊ အင်းစိန်အကျဉ်းထောင်အတွင်း ၁၉ နှစ်ခန့် အကျဉ်းသားဘဝ ဖြတ်သန်းမှုများစတာတွေကိုမောင်ကိုကိုက ဝတ္ထုဇာတ်လမ်းအသွင်နဲ့ ဦးဝင်းတင်နေရာကနေ ခံစားရေးသားတင်ပြထားခြင်းဖြစ်ပါတယ်။


"ဝင်းတင်တစ်ယောက် အမ်စတာဒမ်မှာ သတင်းစာထုတ်နေတယ်။ တို့ပြည်တွင်း သတင်းစာဖြစ်တယ်။ ဗမာပြည်က ပုဂ္ဂိုလ်တွေ သတင်းရေးသားပေးပို့ကြရင် ကောင်းမယ်"ဟု ဆောင်းပါးရေးလိုက်သည်။ ထိုမှစ၍ ဝင်းတင်သည် အမ်စတာဒမ်မှနေ၍ မြန်မာပြည်သတင်းများကို ရရှိလာ၏။ သတင်းထောက် ကိုရွှေမောင်၊ စာပေဗိမာန်မှ ကိုစံလွင်တို့ထံမှ မြန်မာပြည်သတင်းများ ဦးစွာရခဲ့သည်။ ကိုရွှေမောင်နဲ့ကိုစံလွင်ကတော့ လူရင်းတွေပေါ့ဗျာ။ သူတို့နှစ်ယောက်ကလည်း မြန်မာနိုင်ငံမှာ အလုပ်များတယ်ဗျ။ ဒေါ်မြင့်မြင့်ကြီးနဲ့ ဒေါ်စိုးမြင့်တို့ဆီက ဗမာပြည်သတင်းတွေ အများဆုံးရခဲ့တာပေါ့ဗျာ"ဟုဝင်းတင်က ပြောသည်။

ဝင်းတင်သည် ဂျာမနီမှ လက်နှိပ်စက်တစ်လုံး မှာယူခဲ့၏။ ဝင်းတင်ကိုယ်တိုင် လက်နှိပ်စက်ရိုက်၏။ ဖယောင်းစက္ကူပေါ်တွင် သတင်းများကို ရိုက်သည်။ မိတ္တူစက်အသေးကလေးတစ်လုံးဝယ်ထား၏။ "ကျွန်တော် ကိုယ်တိုင် လက်နှိပ်စက်ရိုက်၊ ကျွန်တော်ကိုယ်တိုင် မိတ္တူကူးတာပေါ့ဗျာ"

ထို့နောက် ဝင်းတင်၏လက်ထဲတွင် သတင်းလွှာကလေး ရောက်လာသည်။ "တို့ပြည်သတင်း" သတင်းစာဖြစ်၏။ ဩစတေးလျ၊ ကနေဒါ၊ ရုရှား၊ အင်္ဂလန်၊ အမေရိကားတို့တွင် ဝင်းတင်၏မိတ်ဆွေမြန်မာများရှိသည်။

"နိုင်ငံခြားကိုရောက်နေတဲ့ မြန်မာတွေဟာ မြန်မာပြည်ကသတင်းကို သိချင်တယ်ဗျ။ ဗမာပြည်သတင်းကို မသိရရင် သူတို့ဟာ မြန်မာပြည်အပေါ်မှာ ခံစားမှုတွေလျော့သွားနိုင်တယ်။ စာနာမှုတွေ လျော့သွားနိုင်တယ်။ လူက ဖွံ့ဖြိုးတဲ့ တိုင်းပြည်မှာရောက်နေတယ်။(စာ - ၅၆)

---




## အောင်မြင်မှုကို တူးဆွခြင်း

| | |
|---|---|
| စာရေးသူ | = ဟန်စိုး |
| စာအုပ်တိုက် | = ပဥ္စင်္ဂံစာအုပ်တိုက် |
| တန်ဖိုး | = ၂၅၀၀ ကျပ် |

ဆရာဟန်စိုးရဲ့ ဂျပန်ခရီးသွားဆောင်းပါးများနဲ့ ဂျပန်လူမျိုးတို့ရဲ့အကြောင်း ဖြစ်ပါတယ်။ ဂျပန်လူမျိုးတွေ ပြာပုံဘဝကနေ ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံဖြစ်အောင် ကြိုးစားခဲ့ပုံတွေ၊ ဂျပန်တွေရဲ့ စည်းကမ်းလိုက်နာမှု၊ နေထိုင်မှုစရိုက်၊ ဂျပန်မှုအထွေထွေ၊ စတာတွေကို ဗဟုသုတလက်ဆင့်ကမ်းထားခြင်းဖြစ်ပါတယ်။ လူမျိုးတိုင်းမှာ လူကောင်းရှိသလို လူဆိုးတွေလည်း ရှိပါတယ်။ အဲဒီအတွက် ယခုစာအုပ်ထဲမှာ ဂျပန်လူဆိုးတွေဖြစ်တဲ့ ယာကူဆာတွေ အကြောင်းကိုလည်း ထည့်သွင်းဖော်ပြထားပါသေးတယ်။ ဂျပန်ကို သွားရောက်အလုပ်လုပ်ကိုင်လိုကြတဲ့ ညီ၊ ညီမငယ်များဖတ်သင့်တဲ့ စာအုပ်တစ်အုပ်လည်း ဖြစ်ပါတယ်။

တိုကျိုမြို့ဟာ လူဦးရေအလွန်ထူထပ်တဲ့ မြို့ဖြစ်ပါတယ်။ လူဦးရေထူထပ်တဲ့အတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ အများအပြားရှိတဲ့ နေရာလည်းဖြစ်ပါတယ်။ နေရေးထိုင်ရေးနဲ့ ပတ်သက်လာရင်တော့ ဂျပန်လူမျိုး တော်တော်များများဟာ ခိုအိမ်လိုအခန်းကျဉ်းလေးတွေထဲမှာ ဈေးနှုန်းကြီးမားစွာပေးပြီး နေထိုင်ကြရပါတယ်။ အခန်းကျဉ်းလေးတွေထဲမှာ နေထိုင်ရတဲ့အတွက် ဂျပန်လူမျိုးတွေမှာ အပိုပစ္စည်းဆိုတာ မရှိသလောက်ပါပဲ။ အခန်းကျဉ်းလေးတွေထဲမှာ အပိုပစ္စည်းတွေနဲ့ နေထိုင်တဲ့သူတွေကတော့ နိုင်ငံခြားသားတွေပဲ ဖြစ်ပါတယ်။

ဂျပန်နိုင်ငံရဲ့ ရာသီဥတုဟာ နွေနဲ့ဆောင်းရာသီပဲရှိတာမို့လို့ နွေရာသီမှာသုံးတဲ့ ပစ္စည်းတွေဟာ ဆောင်းရာသီအတွက် အပိုပစ္စည်းတွေဖြစ်လာသလို ဆောင်းရာသီမှာသုံးတဲ့ ပစ္စည်းတွေဟာလည်း နွေရာသီအတွက် အသုံးပြုရန်မလိုအပ်တဲ့ ပစ္စည်းတွေဖြစ်လာခဲ့ပါတယ်။ ဒီအတွက် မလိုအပ်တဲ့ပစ္စည်းတွေကို လွှင့်ပစ်တတ်တဲ့ အကျင့်စရိုက်ရှိတဲ့ လူမျိုးတွေဖြစ်လာကြပါတယ်။

"ကျွန်တော် ဂျပန်ရောက်ခါစက ရန်ကုန်က ပါဆယ်နဲ့ပို့ပေးတဲ့ ဆွယ်တာတွေကို ဝတ်ဆင်ခဲ့ဖူးပါတယ်။ အမေကတော့"နားပျောက်မတတ်အေးခဲနေတယ်"ဆိုတဲ့ သားရဲ့ စကားသံကို ကြားရတော့၊ တရားခမွှတွေ ခဏဘေးဖယ်ထားပြီး သားအတွက် တုတ်နှစ်ချောင်းကိုင်လို့ ဆွယ်တာလေးတွေထိုးပြီး ဂျပန်ကို ပို့ပေးခဲ့ရှာပါတယ်။( စာ - ၄၇ မှ)

# မြစ်ကြီးနားမြို့ ကုန်စည်ဈေးနှုန်း
( စည်ပင်သာယာမှ ကောက်ယူထားသောဈေးနှုန်း)

| ကုန်စည်အမည် | ဈေးနှုန်း |
|---|---|
| ခတ်ချို (၁ပြည်) | ၂၂၀၀ကျပ် |
| ချင်းသုံး (၁ပြည်) | ၁၆၀၀ ကျပ် |
| ပေါ်ဆန်းမွှေး (၁ပြည်) | ၂၈၀၀ ကျပ် |
| လုံးသွယ်မွှေး (၁ပြည်) | ၂၂၀၀ကျပ် |
| ဆိတ်သား | ၁၃၀၀၀ကျပ် |
| အမဲသား | ၇၀၀၀/၁၄၀၀၀ကျပ် |
| ငါး(ငါးမြစ်ချင်း) | ၄၅၀၀ကျပ် |
| ငါးတန် (၁ပိဿာ) | ၃၀၀၀ ကျပ် |
| ငါးခူ (၁ပိဿာ) | ၄၀၀၀ ကျပ် |
| ငါးကြင်း (၁ပိဿာ) | ၆၀၀၀ ကျပ် |
| ပုဇွန် အကြီး (၁ပိဿာ) | ၂၄၀၀၀ ကျပ် |
| ပုဇွန် အသေး (၁ပိဿာ) | ၂၀၀၀၀ ကျပ် |
| ပုဇွန် ငါးပိ (၁ပိဿာ) | ၁၅၀၀ ကျပ် |
| ကင်းမွန် (၁ပိဿာ) | ၁၆၀၀၀ ကျပ် |
| အိမ်ကြက် (၁ပိဿာ) | ၁၁၀၀၀ကျပ် |
| ရိုးရိုးကြက် (၁ပိဿာ) | ၅၀၀၀ကျပ် |
| ဝက်သား (၁ပိဿာ) | ၁၂၀၀၀ကျပ် |
| ခရမ်းချဉ်သီး | ၂၀၀၀ကျပ် |
| မြန်မာအာလူး | ၁၀၀၀ကျပ် |
| တရုတ်အာလူး (၁ပိဿာ) | ၁၀၀၀ ကျပ် |
| ကုလားပဲ | ၂၅၀၀ကျပ် |
| ကြက်ဥ | ၁၅၀ကျပ် |
| ဘဲဥ | ၂၀၀ကျပ် |
| မြေပဲဆံ ၁ပိဿာ | ၃၃၀၀ ကျပ် |
| ကြက်သွန်နီ | ၁၀၀၀ကျပ် |
| ကြက်သွန်ဖြူ ဗမာ/တရုတ် | ၂၅၀၀ /၁၃၀၀ကျပ် |
| ငရုတ်သီးစိမ်း ၁ပြည်/ပိဿာ | ၁၅၀၀/၂၅၀၀ကျပ် |
| ငရုတ်သီး ခြောက် (၁ပိဿာ) | ၆၀၀၀ကျပ် |
| ချင်း | ၂၀၀၀ကျပ် |
| စားအုန်းဆီ (၁ပိဿာ) | ၂၀၀၀ ကျပ် |
| မုန်ညင်းဆီ (၁ပိဿာ) | ၂၅၀၀ ကျပ် |
| ပဲဆီ (၁ပိဿာ) | ၃၀၀၀ ကျပ် |

## ဆိုင်ကယ်ဈေးနှုန်း (KENBO Show-room)

| | |
|---|---|
| KENBO Digital/ရိုးရိုး | ၇၅၉၀၀၀/၇၃၉၀၀၀ ကျပ် |
| CANDA | ၅၆၉၀၀၀ ကျပ် |
| SHAYAN | ၅၆၉၀၀၀ ကျပ် |
| FEILING | ၅၆၉၀၀၀ ကျပ် |
| JIA LING | ၆၆၉၀၀၀ ကျပ် |
| CYCLONE | ၁၀၄၅၀၀၀ ကျပ် |

# ဖားကန့် စည်ပင်တွင် အခြေခံဝန်ထမ်းနည်းပါးနေသဖြင့် မြို့နယ်သာယာလှပမှု နှောင့်နှေး

မြစ်ကြီးနား၊ စက်တင်ဘာ ၂၇

ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့တွင် အခြေခံဝန်ထမ်းအင်အား ရှိသင့်သည်ထက် လေးပုံတစ်ပုံခန့်လျော့နည်း နေသောကြောင့် မြို့နယ်သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ရာတွင် နှောင့်နှေးနေရသည်ဟု ဆိုသည်။

ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် “က” အဆင့်ဌာနဖြစ်သဖြင့် ဝန်ထမ်းအင်အားဖွဲ့စည်းပုံတွင် ၂၅၅ ဦးရှိရန် ကန့်သတ်ထားသော်လည်း လက်ရှိတွင် ၇၀ ဦးသာရှိသဖြင့် လုပ်ငန်းဆိုင်ရာများကို အချိန်နှင့်တစ်ပြေးညီ လုပ်ဆောင်နိုင်ရန် ကြန့်ကြာလျက်ရှိကြောင်း ဖားကန့်မြို့နယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဒါရှိုလဆိုင်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

“စက်ယန္တရားတွေက ရှိတယ်။ မောင်းမယ့်သူက မရှိဘူး။ အထက်ဝန်ထမ်းတွေကတော့ ရှိတယ်။ အောက်ခြေဝန်ထမ်း မရှိတာ။ သန့်ရှင်းရေးတို့ ဘာတို့လုပ်တဲ့နေရာမှာလူတွေကနည်းတော့ ဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုးတော့ဘူး” ဟု ဦးဒါရှိုလဆိုင်းက သုံးသပ်သည်။

ဖားကန့်မြို့နယ်အတွင်း စည်ပင်သာယာရေး လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရန် (က)အဆင့်မြို့နယ်တစ်ခုတွင် ရှိရမည့် ဝန်ထမ်းဖွဲ့စည်းပုံ




ပြည့်မီအောင် ခန့်ထားပေးရန် ကချင်ပြည်နယ်လွှတ်တော်အစည်းအဝေးတွင် ဦးဒါရှိုလဆိုင်းက မေးမြန်းခဲ့ကြောင်း သိရသည်။

“တင်ထားတာတော့ လေးလလောက်ရှိပါပြီ။ အခုမှ မေးခွန်းပြန်မေးတာပါ။ ဒီမှာရှိတဲ့ စည်ပင်လူကြီးတွေနဲ့ တိုင်ပင်ပြီးမှ ဒီမေးခွန်းကိုမေးခဲ့တာပါ” ဟု ဦးဒါရှိုလဆိုင်းက ဆက်လက်ပြောဆိုသည်။

ဦးဒါရှိုလဆိုင်း မေးမြန်းမှုနှင့် ပတ်သက်ပြီး စည်ပင်သာယာရေးဝန်ကြီး ဦးနေဝင်းက လိုအပ်သည့်စစ်ဆေးမှုများ၊ အချက်အလက်များကို ကောက်ယူပြီးမှသာ ခန့်ထားပေး/မပေးကို ပြောကြားနိုင်မည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

ဖားကန့်မြို့နယ်တွင် အရပ်ရပ်အခွန် ကောက်ခံရာ၌ ကျပ်သိန်းတစ်သောင်းကျော် ရရှိခဲ့ရာ မြို့နယ်ဖွံ့ဖြိုးရေးအတွက် ၂၅ ရာခိုင်နှုန်းအသုံးပြုခွင့်ပေးထားပြီးဖြစ်ကာ ထိုဝန်ထမ်း ၂၅၅ ဦးကို လစာ ၂ သိန်းနှုန်းခန့်ပေးမည်ဆိုပါက ကျပ်သိန်းငါးရာကျော် ကျသင့်မည်ဖြစ်ကြောင်း အထက်ပါလွှတ်တော်ကိုယ်စားလှယ်က ထောက်ပြပြောဆိုခဲ့သည်။

စည်သူ(မြစ်ကြီးနား)

# ဖားကန့်တွင် တနိုင်တပိုင် လက်ကျင်းတူးဖော်သော အမျိုးသားလေးဦး မြေစာပုံပိ၍သေဆုံး

မြစ်ကြီးနား၊ စက်တင်ဘာ ၂၇

ဖားကန့်မြို့နယ်၊ လုံးခင်းကျေးရွာအုပ်စု၊ သက်ငယ်ကုန်းကျေးရွာအနီးတွင် စက်တင်ဘာလ ၂၅ ရက်နေ့ မွန်းလွဲ ၂ နာရီခန့်က ကမ်းပါး ပြိုကျမှုကြောင့် လူလေးဦးသေဆုံးသွားကြောင်း သဂ်ဟ နာရေးကူညီမှုအသင်းထံမှ သိရသည်။

ယင်းမြေပြိုမှုသည် လူစုလူဝေးများရှိသည့် နေရာတွင် ပြိုကျခဲ့ခြင်းမဟုတ်ဘဲ လူငါးယောက်ခန့် သံတိုင်ဖြင့် တနိုင်တပိုင် တူးဖော်နေသည့်နေရာမှ မြေစာများပြိုကျသွားခြင်းဖြစ်သည်ဟု ယင်းနေရာသို့ ရောက်ရှိနေခဲ့သည့် မော်စီဇာကျေးရွာမှ ကိုဖိုးပွားက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြန်လည်ရှင်းပြသည်။

“ဖြစ်တုန်းကတော့ ကျွန်တော်တို့ရှိတယ်။ လေးယောက်အပြင် ပိုမပါသွားနိုင်ဘူးလို့ယူဆတယ်ဗျ။ အကြီးကြီး ပြိုကျတာမျိုးတော့ မဟုတ်ဘူး။ အသေးလေးပဲပြိုကျတာ”ဟု ဖိုးပွားမှဆက်လက်ပြောသည်။

ယင်းသို့ ကမ်းပါးပြိုကျခြင်း၊ မြေစာပုံပြိုကျခြင်းများတွင် သေဆုံးသွားသည့် လူဦးရေစာရင်းကို အတိအကျထုတ်ပြန်ရန်မှာလည်း လူပျောက်တိုင်ကြားမှသာလျှင် ရရှိနိုင်လိမ့်မည် ဖြစ်ကြောင်းလည်း ဖားကန့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်က ပြောသည်။

“မြေကမ်းပါး ပြိုကျခဲ့တာ ဟုတ်ပါတယ်။ အခုစာရင်းအရတော့ လေးဦးရဲ့ အလောင်းကို ရရှိထားပါတယ်။ ဘယ်လောက်သေဆုံးတယ် ဆိုတာတော့ ထုံးစံအတိုင်း လူပျောက်လာတိုင်မှပဲ အတိအကျသိရမှာပါ”ဟု ဦးကျော်စွာအောင်က ရှင်းပြသည်။

ထိုဖြစ်စဉ်တွင် သေဆုံးသွားသူ ၄ ဦး၏ နေရပ်လိပ်စာများ အတိအကျမသိရသော်လည်း လေးဦးစလုံးမှာ ကချင်အမျိုးသားများဖြစ်ကြောင်း သိရသည်။

ဦးသိန်းစိန် အစိုးရခေတ် ၂၀၁၀ နောက်ပိုင်းတွင် အကြီးစားလုပ်ကွက်ချပေးခြင်း၊ ယန္တရားကြီးများ နေ့မအား ညမနား တူးဖော်ခြင်းတို့ကြောင့် ရေမဆေးရှာဖွေသူများ ပိုမိုများပြားလာခဲ့ပြီး မြေစာပုံနှင့် ကမ်းပါးပြိုကျမှုကြောင့် နှစ်စဉ် လူပေါင်းတစ်ရာကျော်ခန့် သေဆုံးနေရပြီး ၂၀၁၈ ခုနှစ် ယနေ့အချိန်အထိသေဆုံးသူ ၁၃၉ ဦးရှိပြီးဖြစ်ကြောင်းလည်း သိရသည်။

စည်သူ(မြစ်ကြီးနား)၊
ဇော်မိုးထက်(ဖားကန့်)

# စစ်ဘေးရှောင်တစ်ဦး “ဆေး” လိုက်လံကုသပေးနေ



စက်တင်ဘာ ၂၈

ဝိုင်းမော်မြို့နယ် မိုင်းနားကေဘီစီ စစ်ဘေးရှောင်စခန်းမှ အမျိုးသားတစ်ဦးသည် လေဖြတ်သူများနှင့် ကိုယ်လက်နာကျင်ကိုက်ခဲခြင်းများကို စက်ကိရိယာတစ်မျိုးဖြင့် လိုက်လံကုသပေးလျက်ရှိကြောင်း သိရသည်။

ထိုစက်ပစ္စည်းဖြင့် ကုသရာသို့ အမျိုးသမီးများ အများဆုံးလာရောက်ကုသခံကြကာ ထုံကျင်ကိုက်ခဲညောင်းညာ ကိုယ်လက်လှုပ်ရှားမရသူများ၊ လေဖြတ်ထားသူများ၊ ကျီးပေါင်းဖြစ်နေသူများ မီးယပ်အပူအအေးဖြစ်သူများလည်း အသုံးပြုကြကြောင်း သိရသည်။

“ဒီစခန်းမှာတော့ တချို့သိတဲ့သူတွေက လာကုကြတယ်။ တချို့က မသိကြသေးဘူး၊ ဒီစခန်းမှာ ဆိုင်ဖွင့်ပြီးတော့လုပ်ချင်တယ်၊ ဒါပေမဲ့နေရာတွေကအဆင်မပြေဘူး။ ဒါကြောင့် ခေါ်တဲ့နေရာကိုသွားလုပ်ပေးတယ်”ဟု လိုက်လံကုသပေးနေသူ ဦးနော်ဆန့်က ပြောသည်။

ရေဇလုံတွင် ရေနွေးနွေးအနည်းငယ်နှင့် ဆားအငယ်နည်းငယ်ထည့်ကာ လျှပ်စစ်ဓာတ်ဖြင့် ခြေထောက်ဆေးရေစိမ်ခြင်း၊ ရောဂါပြင်းထန်သူများဆိုလျှင် ၎င်းရေဇလုံတွင် ခန္ဓာကိုယ်အတွင်းမှ အညစ်အကြေး အဆိပ်အတောက်များကို စုပ်ထုတ်ပေးနိုင်ပြီး အမြန်ဆုံးသက်သာပျောက်ကင်းသည်ဟု ဦးနော်ဆန့်က ပြောသည်။

ခြေထောက်ဆေးရေစိမ်ခြင်းကို တစ်ခါစိမ်လျှင် မိနစ် ၃၀ စိမ်ရပြီး ၃ ရက်ဆက်တိုက်စိမ်ရကြောင်း၊ ၄ ရက်ပြန်နားပြီး တစ်ကြိမ်ပြန်စိမ်ခြင်း၊ နှစ်ပတ်ကြာပြီးနောက် တစ်ကြိမ်ပြန်စိမ်ခြင်းတို့ ဆောင်ရွက်ရကြောင်း၊ ထို့နောက် တစ်လကြာမှ နောက်ဆုံးတစ်ခေါက် ပြန်စိမ်ရကြောင်း ၎င်း၏ဆေးကုသမှုပုံစံကို ထပ်မံပြောသည်။

ယင်းခြေထောက်ဆေးရေစိမ်စက်တွင်ပါရှိသည့် ကြိုးများကို အကြောများ၊ လက်များ၊ ခါးပတ်များ ပတ်ပြီး တစ်ကြိမ်စိမ်လျှင် ကျပ် ၅၀၀၀ ကျပ် ကျသင့်မည်ဖြစ်ကာ ခြေထောက်ဆေးရေစိမ်ပြီးလျှင် အချဉ်နှင့် ပဲပုတ်များ ရှောင်ရမည်ဖြစ်ကြောင်း၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် နှလုံးရောဂါရှိသူများကို မကုသကြောင်း ဦးနော်ဆန့်က ပြောဆိုသည်။

ထိုင်ဝမ်မှထုတ်လုပ်ရောင်းချသော အထက်ပါ ကုသစက်သည် တစ်ယောက်ထိုင်အတွက် ကျပ် ၈ သိန်းခန့်တန်ဖိုးရှိပြီး နှစ်ယောက်ထိုင်အတွက် ကျပ် ၁၂ သိန်းခန့်ပေါက်ဈေးရှိကြောင်း သိရသည်။

Ah Je

**အမည်ပြောင်းအသိပေးကြေညာခြင်း**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့
အ.လ.က(တပ်ကုန်းရွာမ) သတ္တမတန်း(က)
တွင်တက်ရောက်နေသောမခွါဇီ၏
အမည်မှာမှားယွင်းနေသောကြောင့်
အမည်ရင်းမှန်မှာ မဒိန်ခန်ခူရ်ဇီ
ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

**အမည်ပြောင်းအသိပေးကြေညာခြင်း**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့
အင်ဂျန်ဒုံရပ်ကွက်နေ၊အ.ထ.က(၆)၊
တက္ကသိုလ်ဝင်တန်း(က)တွင်
တက်ရောက်နေသော
မမေရီဂျီးအောင်၏ ဖခင်အမည်မှန်မှာ
ဦးလမာတန်၁/ဒဖယ(နိုင်)၀၀၀၀၀၆
ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

# ကချင်ပြည်နယ်တွင် ပထမဦးဆုံးတည်ဆောက်မည့် တိုးဂိတ်ကို ဒေသခံများကန့်ကွက်



ဝိုင်းမော်၊ စက်တင်ဘာ ၂၇

ကချင်ပြည်နယ်၏ ပထမဦးဆုံး လမ်းအသုံးပြုခကောက်ခံရေးဂိတ်(Toll Gate)ကို ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာရှိ ကြိုဆိုပါ၏ဆိုင်းဘုတ်အနီးတွင် တည်ဆောက်ရန်လျာထားခဲ့သည်ကို အိမ်နီးချင်းဒေသခံများက ကန့်ကွက်နေကြောင်း သိရသည်။

ယင်းဂိတ်ကို ဒေသခံတို့၏ အိမ်ရှေ့မျက်နှာစာတွင် တည်ဆောက်မည်ဆိုသောကြောင့် အိမ်ပိုင်ရှင်များက သဘောမတူကြခြင်းဖြစ်သည်ဟု ဒေါ်ဂျီမလေးက ပြောသည်။

"အရင်တုန်းကလည်း ခဏခဏ မြေတွေလာတိုင်းတယ်။ ဒါပေမဲ့ တိုးဂိတ်လုပ်မယ်မထင်ဘူး။ လမ်းချဲ့မယ်ထင်ခဲ့တာ ခုလိုလုပ်မယ်ဆိုရင်တော့ အဆင်မပြေဘူး လူနေအိမ်ရဲ့ရှေ့မှာဆိုတော့ မကောင်းဘူးလေ။ ဆိုင်လည်းလူပါးလာမယ် အဲဒီဂိတ်ကြီးက လူမရှိတဲ့နေရာမှာ လုပ်ရင်ကောင်းမယ်"ဟု ဒေါ်ဂျီမလေးက ပြောသည်။

ထို တိုးဂိတ်သည် နယ်စပ်ကုန်သွယ်ရေးအတွက် အလွန်အရေးပါသော ဂိတ်တစ်ခုဖြစ်သော်လည်း ပတ်ဝန်းကျင်မှ ဒေသခံအချို့ အဆင်မပြေမှုများ ကြုံတွေ့နေရကြောင်း၊ ခရစ်ယာန် ဘုရားကျောင်း (မိုင်းနား)၏ မျက်နှာစာတွင်လည်း အလံနီ၊ အလံစိမ်းများ စိုက်ကာ အမှတ်အသားများပြုလုပ်နေကြောင်း၊ အပတ်စဉ်ဝတ်ပြုရန် လာရောက်သူများကို အခက်အခဲဖြစ်စေနိုင်ကြောင်း၊ နှစ်စဉ်နီးပါးလိုလို လူထောင်နှင့်ချီ၍ ကျင်းပသော ခရစ္စမတ်ပွဲတော်အတွက်လည်း အတားအဆီးဖြစ်လာနိုင်သောကြောင့် စက်တင်ဘာလ ၂၃ ရက်စွဲပါ စာအမှတ်-၀၁၂/ခရတ/၂၀၁၈(၁)ဖြင့် ပြည်နယ်ဝန်ကြီးချုပ်ထံ စာတင်ပြထားကြောင်း သင်းအုပ်ဆရာဦးဝူလော်ရဲ့က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ဆရာတို့ အသင်းတော်က အရင်ကဆိုရင် ကားလမ်းဟိုဘက်ထိဟုတ်တယ်။ ဒါပေမဲ့ လမ်းဖောက်မယ်ဆိုတော့လမ်းပြန်ဖြစ်သွားတယ်။ အခုကလာလုပ်ထားပြန်ပြီ၊ ဒီ ဂိတ်ဒီဘုရားကျောင်းက ပွဲလည်း ခဏခဏ လုပ်တယ်။ အဲဒီတော့အဆင်မပြေဘူး။ အခုက ဘုရားကျောင်းရှေ့တည့်တည့်မှာဖြစ်နေတယ်။ အသင်းသားတွေက တစ်ပတ်ကို ၃ကြိမ်ဆုတောင်းတယ်လေ၊ အဲဒီမှာ ဂိတ်ဆိုတော့ အဆင်ပြေမှာ မဟုတ်ဘူး"ဟု ဆရာဦးဝူလော်ရဲ့က ပြောသည်။

ထိုဂိတ်ကို ရွှေ့ပြောင်းပေးရန် ရွာသားများနှင့်အသင်းတော်မှ အသင်းသားများ စုပေါင်းကာ အစိုးရဌာနဆိုင်ရာ ၁၇ ဌာနထံ စာတင်ထားကြောင်းကို သင်းအုပ်ဆရာက ပြောကြားသည်။

ယင်းတိုးဂိတ် ဆောက်လုပ်မည့်နေရာတွင် စက်တင်ဘာလဆန်းပိုင်းမှစပြီး ဆောက်လုပ်မည့် အကျယ်အဝန်းသတ်မှတ်သည့် အလံနီအမှတ်အသားများကို စိုက်ထူထားကြောင်း သိရသည်။

ထိုသို့ တည်ဆောက်မည့်ကိစ္စနှင့်ပတ်သက်ပြီး ဝိုင်းမော်မြို့နယ်မှ တာဝန်ရှိ ဌာနဆိုင်ရာများကို တွေ့ဆုံမေးမြန်းရာ ၎င်းတို့အနေဖြင့် သေချာမသိရှိကြောင်း၊ မြစ်ကြီးနားမြို့ရှိ အထက်ဌာနများက ပို၍သိနိုင်ကြောင်း၊ ထိုလုပ်ငန်းများကို လုပ်ကိုင်သူများမှာ ကုမ္ပဏီများဖြစ်ကြောင်း၊ ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ငြိမ်းက ရှင်းပြသည်။

Ah Je

# ဒိုင်လူကြီးကို ကိုယ်ထိလက်ရောက် ကျူးလွန်ခဲ့သည့် ဘောလုံးသမားများနှင့် နည်းပြကို သုံးနှစ်ပွဲပယ်

မြစ်ကြီးနား၊ စက်တင်ဘာ ၂၈

မိုးညှင်းမြို့နယ်တွင် ကျင်းပခဲ့သော အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲတွင် ဒိုင်လူကြီးအား ထိုးကြိတ်ခဲ့သည့် ဘောလုံးသမားလေးဦးနှင့် အသင်းနည်းပြတို့ကို ပြည်နယ်အတွင်း ပြိုင်ပွဲများတွင် ပါဝင်ကစားခွင့် သုံးနှစ်ပိတ်ပင်လိုက်ကြောင်း သိရသည်။

ဇူလိုင်လ ၃၀ ရက်နေ့က ကစားခဲ့သည့် မြို့မအသင်းနှင့် နားခါ(ခ)အသင်းတို့၏ အုပ်စုပွဲကစားနေစဉ် ပွဲချိန် ၇၂ မိနစ်အရောက် နာခါး(ခ) အသင်းမှ ကစားသမားများက ဒိုင်လူကြီး၏ ဆုံးဖြတ်ချက်ကို လက်မခံဘဲထိုးကြိတ်ရိုက်နှက်မှုဖြစ်ပွားခဲ့သည်။

"သူတို့ကို ဒီလို သုံးနှစ်ပယ်လိုက်တဲ့အခါ 'ဩော်. . ငါတို့ နားလိုက်ရပါလား" ဆိုတာ နောက်လူတွေလည်း သိအောင် သူတို့ကို နောင်ကျဉ်အောင် သဘောအနေနဲ့ ပြစ်ဒဏ်ချလိုက်တာ။ ပစ်ဒဏ်ချမှတ်ခံရတဲ့သူတွေကိုလည်း အကောင်းဆုံး ပြန်ကစားစေချင်တယ်"ဟု ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဖြိုးဖြိုးမောင်က ပြောသည်။

ယင်းအားကစားသမားများကို မူလက ရာသက်ပန်ကစားခွင့်ပိတ်ပင်သည့် ပြစ်ဒဏ်ကိုချမှတ်ရန် ပြင်ဆင်ခဲ့သော်လည်း ကစားသမားများကို သက်ညှာသောအနေဖြင့်လည်းကောင်း၊ အပြီးအပိုင်ထုတ်ပယ်ပါက လမ်းမှားရောက်သွားမည်ကို စိုးရိမ်၍လည်းကောင်း ထိုပြစ်ဒဏ်ကို လျှော့ပေါ့ကာ နောက် တက်လာမည့်ကစားသမားမျိုးဆက်များ အတုယူမမှားစေရန်၊ ၃ နှစ်ပွဲပယ် ပြစ်ဒဏ်ချမှတ်ခဲ့သည်ဟုလည်း သိရသည်။

"ကစားသမား တစ်ယောက်က သူတို့ရဲ့ခဏတဖြုတ် ဒေါသကြောင့် ရာသက်ပန်ပယ်တယ်ဆိုရင် အမှားပြင်ဆင်ချက် မရဘူးပေါ့။ သူတို့ကို နောင်ကျဉ်အောင် ဆိုလို့ရှိရင် သတ်မှတ်အချိန်တစ်ခုတော့ ပေးရမယ်။ သုံးနှစ်ဆိုရင် အရမ်းလုံလောက်ပြီလို့ ယူဆတယ်။ ကစားသမားတစ်ယောက်ကို ၅ နှစ် ၁၀ နှစ် လောက်ပယ်ရင်လည်း အဆင်မပြေဘူး။ ရာသက်ပန်ဆိုရင် ပိုဆိုးပြီ။ သူတို့ကစားချင်လာအောင် ကျွန်မတို့က လုပ်ရမှာ" ဟုလည်း ဒေါ်ဖြိုးဖြိုးမောင်က ဆက်လက်ရှင်းပြသည်။

ဒိုင်များအား ကိုယ်ထိလက်ရောက်ပြုမူခြင်းများ ယခုနောက်ပိုင်းတွင် ပိုမိုများပြားလာကြောင်း၊ ထို့ကြောင့် စံပြနမူနာအနေဖြင့် အရေးယူသွားနိုင်ရန် လုပ်ဆောင်လျက်ရှိကြောင်းလည်း မြစ်ကြီးနားမြို့မှ ဘောလုံးဒိုင် ဦးသူရိန်စိုးက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ဒိုင်ဆိုတာက ကွင်းထဲမှာက အကုန်ဆုံးဖြတ်ပေးရတာဗျ။ ကစားသမားတွေရဲ့ ခေါင်းထဲမှာက ဒိုင်မှားတယ်ဆိုပြီး ထင်နေကြတာ။ အမှန်တကယ်တော့ ဥပဒေနားမလည်ဘူး။ ဥပဒေနားမလည်တော့ ဆုံးဖြတ်ချက်ကို မခံယူဘဲနဲ့ သူတို့အမြင်တိုင်း လုပ်နေကြတာလေ"ဟု ဦးသူရိန်စိုးက ပြောသည်။

အပြစ်ပေးအရေးယူခံရသူများမှာ နာခါး(ခ) အသင်းနည်းပြ ဦးကျော်ဖြိုးဦး၊ မောင်မျိုးဇင်ထွန်း(ကျောနံပါတ် -၄)၊ မောင်ထူးသျှားစော (ကျောနံပါတ် -၅)၊ မောင်မျိုးထက်အောင် (ကျောနံပါတ်-၈)နှင့် မောင်လွင်မိုးဟိန်း (ကျောနံပါတ်-၁၂)တို့ကို ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၂၁ရက်နေ့မှစတင်ပြီး သုံးနှစ်ပွဲပယ်ထားခြင်းဖြစ်သည်။

Ah Je



# "The Belt and Road Initiatives" နှင့် ပတ်သက်သော မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဖိုရမ်ကို မူဆယ်မြို့တွင်ကျင်းပ

"The Belt and Road Initiatives"နှင့်ပတ်သက်သော မြန်မာစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်ကို စက်တင်ဘာလ ၂၂ ရက်နေ့ မူဆယ်မြို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ဤဖိုရမ်ကို တက်ဟုန်းကုန်သည်ကြီးများအသင်း မြန်မာကိုယ်စားလှယ်ရုံး၊ မြန်မာမေခဆောင်ဖောင်ဒေးရှင်းနှင့် မြန်မာ-တရုတ် ပူးပေါင်းဆောင်ရွက်ရေး အသင်းတို့သည် တွဲဖက်ကြီးမှူး၍ အဓိကရည်ရွယ်ချက်မှာ မြန်မာ-တရုတ်နယ်စပ် စီးပွားရေးဇုန်နှင့် မြန်မာ-တရုတ် စီးပွားရေးစင်္ကြံထူထောင်မှုအား တွန်းအားပေး၍ တက်ဟုန်းပြည်နယ်ခွဲနှင့် မြန်မာ၏ ဘက်စုံပူးပေါင်းဖလှယ်မှုကို တိုးမြှင့်ရန် ဖြစ်သည်။

မြန်မာ မူဆယ်ဒေသ အုပ်ချုပ်ရေးမှူးဦးလှိုင်စိုးသန်း၊ မြန်မာမေခဆောင်ဖောင်ဒေးရှင်း အတွင်းရေးမှူးနှင့် ရှေ့မြန်မာ ဗဟိုဘဏ်ဒါရိုက်တာ ဒေါက်တာဦးလှမောင်၊ မြန်မာမူဆယ်ဒေသအစိုးရအဖွဲ့နှင့်ကုမ္ပဏီကိုယ်စားလှယ်များ၊ မြန်မာ-တရုတ် ပူးပေါင်းဆောင်ရွက်ရေးအသင်းတာဝန်ရှိသူများ၊ တက်ဟုန်း နိုင်ငံခြားရေး၊ လူမှုရေးနှင့်ပတ်သက်သောတာဝန်ရှိသူ၊ တက်ဟုန်းကုမ္ပဏီ ကိုယ်စားလှယ်များ စုစုပေါင်း လူအယောက် ၃၀၀ တို့သည် ယင်းဖိုရမ်ကို တက်ရောက်ဆွေးနွေးခဲ့ပါသည်။

ဖိုရမ်ပေါ်တွင် မြန်မာ-တရုတ်ပညာရှင်တို့သည် "the Belt and Road Initiatives" က မြန်မာ့စီးပွားရေးအတွက် ဖြစ်ပွားသော အကျိုးသက်ရောက်မှုကို မိန့်ခွန်းပြောကြားဆွေးနွေးခဲ့သည်။ မူဆယ်တွင် "the Belt and Road Initiatives" နှင့်ပတ်သက်သော မြန်မာစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဖိုရမ်ကျင်းပခြင်းသည် မြန်မာ-တရုတ် ပူးပေါင်းဖလှယ်မှုကို အသိတရားမှ လက်တွေ့အခြေအနေသို့ပြောင်းလဲ၍ နှစ်နိုင်ငံပြည်သူလူထုများအတွက် အကျိုး ဖြစ်ထွန်းကြောင်း၊ နှစ်နိုင်ငံအစိုးရဝန်ထမ်းနှင့် လူ့အဖွဲ့အစည်းတို့ အချင်းချင်း ပူးပေါင်းဖလှယ်မှုကို အားဖြည့်ပေးကာ "the Belt and Road Initiatives" လက်တွဲတက်ရောက်လိုကြောင်း၊ နှစ်နိုင်ငံလမ်းပန်းဆက်သွယ်ရေး ကူးလူးရန်၊ ကူးသန်းရောင်းဝယ်ရေးအဟန့်အတား မရှိရန်၊ ငွေအသပြာ လည်ပတ်သုံးစွဲရန်၊ မူဝါဒ ဖလှယ်ဆွေးနွေးရန်၊ ပြည်သူလူထုခင်မင်ရင်းနှီးရန်





အကောင်အထည်ဖော်သင့်ကြောင်း ပညာရှင်များ အသီးသီး ပြောကြားဖော်ပြခဲ့ပါသည်။

ဖိုရမ်ဆွေးနွေးပွဲ ပြီးဆုံး၍ "the Belt and Road Initiatives"နှင့် ပတ်သက်သော မြန်မာစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဖိုရမ် ဧည့်သည်တော် ၁၃ဦးတို့သည် ရွှေလီမြို့နှင့် မန်စီမြို့သို့ ၂ ရက်လေ့လာရေးခရီးစဉ်ဖြင့် သွားရောက် ကြည့်ရှုခဲ့ပါသည်။

(သတင်းစဉ်)
(သတင်းထောက် ရန်လီ၊ ဝမ်ကျင်ရှန်း)

# ကချင်ပြည်နယ် အခြေခံပညာကျောင်းများတွင် ကျောင်းဆရာအရေအတွက်သည် ဆရာမအရေအတွက်ထက် (၇) ဆခန့် လျော့နည်းနေ

မြစ်ကြီးနား၊ စက်တင်ဘာ ၂၇




ကချင်ပြည်နယ် အခြေခံပညာကျောင်းများ၌ သင်ကြားနေကြသည့် ကျောင်းဆရာ၊ ဆရာမများထဲတွင် ကျောင်းဆရာအရေအတွက်က ကျောင်းဆရာမ အရေအတွက်ထက် ၇ ဆခန့် နည်းပါးနေသည့်အတွက် ကာယ၊ ဉာဏပိုင်းတို့တွင် ကျောင်းသားများ ဖွံ့ဖြိုးမှုကို အားနည်းစေနိုင်သည်ဟု ပြည်နယ်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး (ပညာ)ဦးမင်းဦးက ပြောသည်။

ပြည်နယ်ပညာရေးမှူးရုံးမှ စာရင်းဇယားများအရ အခြေခံပညာကျောင်းများ၌ သင်ကြားနေသည့် လက်ရှိ ဆရာ/မ စုစုပေါင်း ၁၄၁၃၇ ဦးရှိရာ ထိုထဲတွင် ကျောင်းဆရာနှင့် ဆရာမ အချိုးက (၁၆၆၈း၁၂၄၆၉)ဦး ဖြစ်ကာ ကျောင်းဆရာမ ၇ ဦး ရှိလျှင် ဆရာတစ်ဦးနှုန်းရှိနေသည်ကို ဖော်ပြနေသည်။

ထိုသို့ နည်းပါးနေခြင်းမှာ ယောကျ်ားအများစုက ရွှေမော်၊ ပယင်းမော်များတွင် သွားရောက်အလုပ်လုပ်နေကြခြင်းကြောင့်ဖြစ်ကာ ထိုသို့ ကျောင်းဆရာအချိုးနှင့် ဆရာမအချိုး တစ်ဘက်စောင်းနင်း များပြားနေခြင်းသည်ကောင်းမွန်သည့် လက္ခဏာမဟုတ်ဟု ဆရာကြီး ဦးမင်းဦးက ပြောသည်။

"အိမ်တစ်အိမ်မှာ အဖေကော၊ အမေပါရှိတဲ့အိမ်က အရာရာမှာ ဖွံ့ဖြိုးနေသလို၊ ကျောင်းတစ်ကျောင်းမှာ ဆရာမရှိရင် အဲ့ဒီကျောင်းက မပြည့်စုံတော့ဘူး။ ကျောင်းဆရာအလုပ်က ဝါသနာတစ်ခုတည်းနဲ့ လည်းမရဘူး။ ပါရမီလည်း ရှိရဦးမယ်။ နောက်ပြီးတော့မြန်မာ့ယဉ်ကျေးမှုအရ ကျောင်းဆရာဆိုတာက အိမ်ထောင်ဦးစီးတစ်ဦးလည်း ဖြစ်လာနိုင်တယ်။ ဒါကြောင့် သူက အိမ်ထောင်စုကို ဦးဆောင်တဲ့အခါမှာ အလုပ်က ဝင်ငွေကောင်းဦးမှကိုး။ ဒါကြောင့် ဝင်ငွေနည်းပါးလို့ ဆရာလုပ်ချင်တဲ့သူတွေ နည်းတယ်။ လဝကကို သွားရင် သွားမယ်။ စည်ပင်ကို သွားရင် သွားမယ်"ဟု ဦးမင်းဦးကပြောသည်။

ကျောင်းဆရာများသည် အိမ်ထောင်ကျသွားလျှင် အလုပ်မှ ထွက်သွားသူများလည်း ရှိနေသည်ဟု ယင်းကဆက်ပြောသည်။

၂၀၁၈ - ၁၉ ပညာသင်နှစ်တွင် ကချင်ပြည်နယ်တစ်ပြည်နယ်လုံး အတိုင်းအတာအနေဖြင့် အခြေခံပညာကျောင်းများတွင် မြို့ပေါ်ကျေးလက်မှ ကျောင်းသားကျောင်းသူ ၃၄၅,၀၀၀ ကျော်ပညာ သင်ယူလျက်ရှိသည်။

၂၀၁၈ ခုနှစ် ဩဂုတ်လအတွင်းမြို့နယ်အလိုက် သင်ကြားရေးဆရာ ဝန်ထမ်းများစာရင်းတွင် မြစ်ကြီးနားမြို့နယ်တွင် ၁၅၅ ဦး၊ ဝိုင်းမော်မြို့နယ်တွင် ၁၃၆ဦး၊တနိုင်းမြို့နယ်တွင်၅၅ ဦး၊ ချီဖွေမြို့နယ်တွင် ၁၂၄ ဦး၊ ဆော့လော်မြို့နယ်တွင် ၃၈ဦး၊ အင်ဂျန်းယန်မြို့နယ်တွင် ၆ဦး၊ မိုးညှင်းမြို့နယ်တွင် ၁၉၄ဦး၊ မိုးကောင်းမြို့နယ်တွင် ၁၁၁ ဦး၊ ဖားကန့်မြို့နယ်တွင် ၁၆၄ ဦး၊ဗန်းမော်မြို့နယ်တွင် ၈၃ ဦး၊ မိုးမောက်မြို့နယ်တွင် ၇၃ ဦး၊ မန်စီမြို့နယ်တွင် ၇၁ ဦး၊ ရွှေကူမြို့နယ်တွင် ၁၀၀ ဦး၊ ပူတာအိုမြို့နယ်တွင် ၁၄၀ ဦး၊ မချမ်းဘောမြို့နယ်တွင် ၃၅ ဦး၊ နောင်မွန်းမြို့နယ်တွင် ၄၉ ဦး၊ ခေါင်လန်ဖူးမြို့နယ်တွင် ၁၂၄ ဦးနှင့် ဆွမ်ပရာဘွမ်မြို့နယ်တွင် ၇ ဦး၊ ကျောင်းဆရာ စုစုပေါင်း ၁၆၆၈ ဦး ရှိကြောင်း ဖော်ပြထားသည်။

ဆိုင်း (ကချင်မြေ)

# စက်ာပူတွင် ဆုများရရှိခဲ့သည့် မြစ်ကြီးနားမှ ကရာတေးအဖွဲ့ ဂျပန်နိုင်ငံသို့ သွားရောက်ယှဉ်ပြိုင်မည်


မဆိုင်းနူး


မောင်ဆိုင်းလတ်အောင်


မဆိုင်းဆန်မိုင်နူး


မောင်ဂျာလ

ဓာတ်ပုံ - Salai

မြစ်ကြီးနား၊ စက်တင်ဘာ ၂၇

ကချင်ပြည်နယ်ကရာတေးအဖွဲ့သည် လာမည့်ဧပြီလတွင် ဂျပန်နိုင်ငံ၌ ပြုလုပ်မည့် နိုင်ငံတကာ ကရာတေးပြိုင်ပွဲသို့ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

ကချင်ပြည်နယ်ကရာတေးအဖွဲ့သည် စက်တင်ဘာလက စက်ာပူနိုင်ငံတွင် ပြုလုပ်ခဲ့သည့် နိုင်ငံ ၁၀ နိုင်ငံ ချစ်ကြည်ရေးဖိတ်ခေါ်ပြိုင်ပွဲတွင် သွားရောက်ယှဉ်ပြိုင်ခဲ့ပြီးနောက် ယခု ဒုတိယအကြိမ်ဂျပန်နိုင်ငံသို့ သွားရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

စက်ာပူနိုင်ငံတွင် ယှဉ်ပြိုင်စဉ် ရွှေတံဆိပ်ဆုများရရှိခဲ့သည့် ကချင်ပြည်နယ်ကရာတေး ကစားသမားများအား စက်တင်ဘာလ ၂၄ ရက်က မြစ်ကြီးနား၊ မနောင်ကွင်းရှိ မဂ္ဂယ်ခန်းမတွင်ဂုဏ်ပြုချီးမြှင့်ဆုတောင်းခြင်း အစီအစဉ်ပြုလုပ်ခဲ့ပြီး အဆိုပါဆုတောင်းပွဲတွင် ပြိုင်ပွဲထပ်မံယှဉ်ပြိုင်မည့်ကိစ္စနှင့်ပတ်သက်၍ ကချင်ပြည်နယ်တာဝန်ခံ မဂျီဘရန်အောင်က ယခုကဲ့သို့ ပြောကြားခဲ့သည်။

"လာမယ့် ၂၀၁၉ မှာ ဂျပန်မှာ နိုင်ငံတကာကရာတေးပြိုင်ပွဲရှိတယ်၊ ဧပြီလအတွင်းမှာ အခုအချိန်ကတည်းက ကြိုးစားပြီး ပြင်ဆင်နေပြီလည်းဖြစ်တယ်"ဟု ဆရာ မဂျီဘရန်အောင်က ပြောသည်။

အဆိုပါ ပြိုင်ပွဲအတွက် အောက်တိုဘာလမှ စတင်ကာ ဝင်ရောက်ယှဉ်ပြိုင်မည့် ကစားသမားများအား လေ့ကျင့်မှုများ စတင်လုပ်ဆောင်သွားမည်ဟုလည်း တပ်ကုန်းကလပ်မှ သင်တန်းဆရာ ကိုယိန်းဘောမ်က ပြောသည်။

"လေ့ကျင့်မှုတွေ စလုပ်နေပြီ။ ဒီနှစ်ကုန် ဇန်နဝါရီလပိုင်းမှာတော့ ပြင်းပြင်းထန်ထန်လေ့ကျင့်ပေးမယ်။ ပြီးတော့ ပြိုင်ပွဲ နီးလာပြီဆိုရင်တော့ နည်းစနစ်ပိုင်းနဲ့ ပြီးရင် အမှတ်ယူမယ့်အပိုင်းကိုပဲ လုပ်သွားပေးပါ့မယ်။ လက်ရှိလည်း လေ့ကျင့်မှုတွေ လုပ်နေကြပါပြီ"ဟု ကိုယိန်းဘောမ်က ပြောသည်။

အဆိုပါ နိုင်ငံတကာပြိုင်ပွဲတွင် စက်ာပူနိုင်ငံတွင် သွားရောက်ယှဉ်ပြိုင်ခဲ့ကြသည့် ကစားသမား ၁၅ ဦးအနက် ချန်ပီယံ ဆုရရှိခဲ့သည့် ၄ ဦးကို စေလွှတ်မည်ဟုလည်း ၎င်းက ထပ်မံပြောဆိုသည်။

"စက်ာပူမှာ သွားပြိုင်မယ့် ၁၅ ယောက်ထဲမှာတော့ ချန်ပီယံရတဲ့လေးယောက်ပေါ့၊ တပ်ကုန်းကလပ် က ၃ ယောက်နဲ့ ရွှေစက်/မန်ခိမ်ကလပ်က တစ်ယောက် စုစုပေါင်းလေးယောက်ဖြစ်ဖို့များတယ်။ ကျန်တဲ့ဟာက သွားဖို့မသေချာသေးဘူး"ဟု ကိုယိန်းဘောမ်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။



ကချင်ပြည်နယ်မှ လူငယ်များသည်မူးယစ်ဆေးဝါး သုံးစွဲသည့် လမ်းကြောင်းဘက်သို့ လွဲမှားနေသူ များပြားနေခြင်းကြောင့် လမ်းမှန်ရောက်ရှိလာစေရေးအတွက် အားကစားဘက်သို့ ဆွဲခေါ်ပေးရခြင်းဖြစ်သည်ဟုလည်း ဆရာမဂျီဘရန်အောင်က ပြောသည်။

စက်ာပူနိုင်ငံတွင် ကျင်းပခဲ့သည့် Invitational friendship Tournment Singapore 2018 အာရှ ၁၀ နိုင်ငံ ပါဝင်သည့် ဖိတ်ခေါ်ကရာတေးပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် ၁၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ယင်းအနက်မှ ၁၅ ဦးသည် ကချင်ပြည်နယ်မှဖြစ်ပြီး ချန်ပီယံ ရွှေဆု ၄ ဆု၊ ငွေ ၂ ဆု၊ ကြေး ၃ ဆုတို့ အသီးသီး ရရှိခဲ့ကြသည်။

ချန်ပီယံဆုရရှိသူ ၄ ဦးမှာ ကချင်ပြည်နယ် ကရာတေးအဖွဲ့မှ မဆိုင်းနူး၊ မောင်ဂျာလ၊ မဆိုင်းဆန်မိုင်နူးနှင့် မောင်ဆိုင်းလတ်အောင်တို့ဖြစ်ကာ ယင်း ၄ ဦးအနက် မဆိုင်းနူးနှင့် မောင်ဂျာလတို့(၂)ဦးမှာ စစ်ရှောင်စခန်းတွင် နေထိုင်သူများဖြစ်သည်။ မဆိုင်းနူးသည် ရွှေစက်စစ်ရှောင်စခန်းတွင် နေထိုင်သူဖြစ်ပြီး မောင်ဂျာလသည် ဒူကထောင်ရပ်ကွက် ၄ စစ်ရှောင်စခန်းတွင်နေထိုင်သူဖြစ်သည်။

Salai

AKZ GROUP
High Class
AIR-CON , AIR SUSPENSION
EXPRESS
မြစ်ကြီးနား ⇌ မိုးကောင်း ⇌ ဖားကန့် ⇌ မိုးညှင်း ⇌ ရန်ကုန် (တိုက်ရိုက်)

BRAND NEW
SCANIA (2+1) VIP
ရန်ကုန်မှ ညနေ (၅)နာရီ
မြစ်ကြီးနားမှ နေ့လည်(၁)နာရီ
နံနက်(၁၀)နာရီ ( 2+2)ကား ၊ နံနက်(၁၁)နာရီ VIP(1+1) ကားများအပြင်
အဲယားကွန်း၊လေအိတ် SCANIA MARCOPOLO ကားသစ်ကြီးများဖြင့် နေ့စဉ်ထပ်မံတိုးချဲ့ပြေးဆွဲနေပါပြီ။
မြစ်ကြီးနား - 0930242433, 09253186611,0949213323 ၊ ရန်ကုန် - 09420225777,09 420225888, 09793211170, 09793211180

# ဒုတိယမြောက်ရုပ်ရှင်ဇာတ်ကားကို ရေခဲတောင်အလှအပများဖြင့် ရိုက်ကူးတော့မည်ဟု ဒါရိုက်တာ ဒီထဲလ်ဒီပြော

မြစ်ကြီးနား၊ စက်တင်ဘာ ၂၈

ဂီလာအမည်ရ ရဝမ်စကား ပြောရုပ်ရှင်ဇာတ်ကားကြီးဖြင့် နာမည်ရလာသည့် ဒါရိုက်တာ ဒီထဲလ်ဒီက ၎င်း၏ဒုတိယမြောက် ရုပ်ရှင်ဇာတ်ကားကြီးကို စတင်ရိုက်ကူးတော့မည်ဟု ပြောသည်။

ယခုဇာတ်ကားတွင် ဗမာ၊ ကချင် (ရဝမ်နှင့် ဂျိန်းဖော့) တိုင်းရင်းသားများနှင့် အတူ ကမ္ဘာက အသိအမှတ်ပြုထားသည့်မြန်မာပြည်၏ တန်ဖိုးကြီး ပူတာအိုရေခဲတောင် ဒေသတွင် သွားရောက်ရိုက်ကူးရန် ပြင်ဆင်နေကြောင်း သိရသည်။

ပူတာအို ရေခဲတောင်ဒေသရှိ ရဝမ်တိုင်းရင်းသားလူမျိုးတို့၏ ဓလေ့ထုံးတမ်းများ၊ မြန်မာပရိတ်သတ်များ တွေ့မြင်ရခဲသည့် ပူတာအိုရေခဲတောင် အလှအပများကို ရုပ်ရှင်ဇာတ်ကားထဲတွင် ထပ်မံပုံဖော် ရိုက်ကူးသွားမည်ဟု ဆိုသည်။

"ဒါကတော့ ရိုက်နေကျပုံစံထက် လုံးဝခွဲထွက်သွားမယ်။ နောက်ပြီး ဒီဇာတ်ကားရဲ့ ထူးခြားချက်က ကျွန်တော်တို့ ရဝမ်လူမျိုးအပြင်၊ ဂျိန်းဖောရယ်၊ ဗမာတိုင်းရင်းသား သရုပ်ဆောင်တွေ ပါဝင်ဦးမှာပါ။ ရုပ်ရှင်တွေကို ပရိသတ်တွေမြင်နေတဲ့ "ပေါကား"ဆိုတဲ့ ပုံစံကနေ လုံးဝခွဲထွက်သွားဖို့ ပြင်ဆင်နေပါတယ်"ဟု ဒါရိုက်တာ ဒီထဲလ်ဒီက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ရုပ်ရှင်ဇာတ်ကား တစ်ကားကောင်းခြင်း၊ ဆိုးခြင်းသည် ပရိသတ်၏ ကြည့်ရှုအားပေးမှုက အဓိကကျသည့်အတွက် ဒါရိုက်တာတစ်ဦး၏ ဒုတိယမြောက် ရုပ်ရှင်ကားကြီးကိုလည်း ပရိသတ်များက ကြည့်ရှုအားပေးကြပါရန် ဒါရိုက်တာက ပြောသည်။

"ကျနော်တို့က လူမျိုးရေးလုပ်တာလည်း မဟုတ်ဘူး။ ကိုယ်တတ်တဲ့ အနုပညာအလုပ်ကိုပဲ လုပ်နေတာဖြစ်တဲ့အတွက် ပရိသတ်တွေအားလုံးကလည်း ကျနော်တို့လို တိုင်းရင်းသားအနုပညာရှင်တွေရဲ့ဇာတ်ကားတွေကို အားပေးကြပါဦးလို့"ဟု ဒီထဲလ်ဒီက ပြောသည်။

ထို ဒါရိုက်တာဒီထဲလ်ဒီ ရိုက်ကူးမည့် ရုပ်ရှင်ဇာတ်ကားကြီးတွင် ခေါင်းဆောင်မင်းသားအဖြစ် မင်းမြတ်စိုးစံနှင့် ခေါင်းဆောင်မင်းသမီးအဖြစ် ဂျာဆိုင်းအိန်တို့ ပါဝင်မည်ဖြစ်ပြီး ရဝမ်တိုင်းရင်းသား အနုပညာရှင်များစွာလည်း ပါဝင်မည်ဖြစ်သည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားကြီးကို Focus Power Producation နှင့် ပူးပေါင်းလက်တွဲပြီး လာမည့် ဒီဇင်ဘာလတွင် ကချင်ပြည်နယ်အတွင်း စတင်ရိုက်ကူးတော့မည်ဖြစ်ကြောင်း သိရသည်။

ဆိုင်း(ကချင်မြေ)



ဓာတ်ပုံ - D Htel Dee Facebook

